# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ်(၁၄၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



# နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းဖို့လို

ပြီးခဲ့သည့် နှစ်နှစ်တာကာလကို ပြန်ကြည့်လျှင် မိမိတို့နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ ထိခိုက်ကျဆင်းခဲ့ရသည်။ မြေပြုရာကင်းမှောင့်ဆိုသည့်နှယ် ထိုကာလအတွင်းက နိုင်ငံစီးပွား ပျက်စီးစေရန်အတွက် ဘဏ်စနစ်များပြိုလဲအောင် ထိုးနှက်တိုက်ခိုက်မှုများလည်း ရှိခဲ့ရာ ဘဏ်စနစ်မပြိုလဲစေရန်၊ နိုင်ငံ့စီးပွားရေး ထိခိုက်ပျက်စီးမှုမဖြစ်စေရန် အစိုးရက ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။

ထို့အပြင် နိုင်ငံတော်အစိုးရက ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးပြီး ပြည်တွင်းစီးပွားရေးကို မြှင့်တင်ခဲ့သည့်အတွက် နိုင်ငံတွင် စားရေရိက္ခာရှားပါးမှု၊ ပြတ်လပ်မှုနှင့် မတွေ့ကြုံရဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကိုမူ အများနိုင်ငံတို့နည်းတူ ခံစားခဲ့ကြရသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ရောဂါ ကမ္ဘာတစ်ခွင် ကူးစက်ပျံ့နှံ့နေမှုနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေတင်းမာမှု စသည်တို့က ကမ္ဘာတစ်ဝန်းလုံးတွင် ကုန်ပစ္စည်းရှားပါးမှု၊ စက်သုံးဆီ ဈေးနှုန်းများ မြင့်တက်မှုတို့ကို ဖြစ်ပေါ်စေခဲ့ပြီး ဆက်စပ်၍ ဖြစ်ပေါ်လာသည့် အကျိုးဆက်များကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးတို့ ခံစားခဲ့ကြရသည်။ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှ ထုတ်လုပ်သည့် စားရေရိက္ခာများ ပြည်တွင်းအတွက် ဖူလုံသည့်အပြင် ပြည်ပသို့လည်း တင်ပို့နိုင်သည့်နိုင်ငံဖြစ်ရာ ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွားရေး ပိုမိုမြင့်မားလာနိုင်သည့် နိုင်ငံမျိုးလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သည့် အခြေအနေနှင့်အတူ ကုန်ထုတ်လုပ်မှု ကောင်းမွန်လာခြင်း၊ နယ်စပ်ကုန်သွယ်မှုများ အတိုင်းအတာတစ်ရပ်အထိ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်လာနိုင်ခြင်းတို့ကြောင့် လုပ်ငန်းများ ပြန်လည် လည်ပတ်လာနိုင်ခြင်းနှင့်အတူ နိုင်ငံ၏ စီးပွားရေးသည် အနုတ်လက္ခဏာပြနေရာမှ အပေါင်းလက္ခဏာဆီသို့ တိုးတက်လာခဲ့သည်။ တစ်ဖက်တွင်လည်း နိုင်ငံ့စီးပွားရေး မြှင့်တင်ရေး ရန်ပုံငွေများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးဆောင်ရွက်မှုများမှ ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဆိုပါက အတိုင်းထက်အလွန်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံ့ဝင်ငွေ တိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အားပေးမှုနှင့်အတူ ဒေသအသီးသီးတွင် ရှိနေသော ကုန်ထုတ်လုပ်သူများ၏ အားထုတ်ကြိုးပမ်းမှုများကြောင့် လုပ်ငန်းများ တိုးတက်မှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိသည်။

ယခုအခါ အကြမ်းဖက်အဖျက်သမားတို့က လမ်းတံတား အခြေခံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ နိုင်ငံ့စီးပွားရေးအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားတာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များကို ဖြိုလှဲခြင်းတို့ဖြင့် အဖျက်လုပ်ရပ်များကို ကျူးလွန်နေကြရာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်သည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး တည်ဆောက်မှုတွင် ပြည်သူအားလုံးက တစ်တပ်တစ်အား ပါဝင်ကြရပါမည့်အကြောင်း။ ။




# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ (၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ (၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။** (အပေါ်ပုံ)

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရာတွင် အဂတိတရားကင်းစင်စွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် အဆုံးအဖြတ်ပြုကြရန်နှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် တရားမမှုများ စစ်ဆေးစီရင်မှုကို အထောက်အကူပြုပြီး စွဲဆိုပြီးအမှုများမှာ အမှုသည်များ ကိုယ်တိုင် ဖြေရှင်းနိုင်ခွင့်ကို ရရှိစေသည့်အတွက် တရားရုံးများက တရားမမှုများ စေ့စပ်ဖြေရှင်းရေး ပိုမိုလွှဲအပ်နိုင်ရန်နှင့် နှစ်ဖက်အမှုသည်များ လာရောက်နိုင်စေရန် ကြိုးပမ်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ စစ်ဆေးစီရင်ရာတွင်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ လုပ်ငန်းစဉ်များကို တရားရုံးများက အလေးထား လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးတွင် ခေတ်နှင့်အညီ နည်းပညာအသုံးပြုမှုဆောင်ရွက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နည်းပညာကို လက်လှမ်းမီရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေး ကင်းရှင်းကြရမည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စာရွက်စာတမ်း လုံခြုံရေး၊ သတင်းလုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ပထမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၃ ခုနှစ်) ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းနှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်းပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ** ရာဇဝတ်အမှုပေါင်း **၁၀၇၆** မှု လက်ခံရရှိပြီး **၉၃၆** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၁၈၄၄** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၅၃ မှု အပါအဝင်) **၁၉၉၇** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များမှာ** ရာဇဝတ်အမှုပေါင်း **၄၅၀၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၅၇ မှု အပါအဝင်) **၄၆၆၂** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၄၃၅၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၆၇၇ မှု အပါအဝင်) **၅၀၃၂** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများမှာ** ရာဇဝတ်အမှုပေါင်း **၂၈၂၇၂** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၀၄၉ မှု အပါအဝင်) **၂၉၃၂၁** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမ အမှုပေါင်း **၂၇၄၂၈** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၄၃၈ မှု အပါအဝင်) **၂၇၈၆၆** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများမှာ** ရာဇဝတ်အမှုပေါင်း **၁၆၉၄၂၁** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၂၀၄၈၉ မှု အပါအဝင်) **၁၈၉၉၁၀** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမ အမှုပေါင်း **၁၉၅၁၄** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၆၂၀၀ မှု အပါအဝင်) **၂၅၇၁၄** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး)မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း **၃၈၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၀ မှု အပါအဝင်) **၃၉၅** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း **၅၉၄၂** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၂၃၃ မှု အပါအဝင်) **၆၁၇၅** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၄၅၅၄၇** မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ဆက်လက်၍ မှုခင်းများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာစစ်ဆေးပြီး ပြတ်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး၊ ခရိုင် တရားသူကြီးများသည် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

* ရှေ့ဖုံးမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြည့်စွက်ရှင်းလင်းပြောကြားစဉ်။

## ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးပြီးချိန်တွင် အသစ်ထပ်မံဖွဲ့စည်းသည့် ကောင်စီဝင်များဖြင့် ပထမဆုံးအကြိမ် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ လာမည့် ၆ လတာ ကာလအတွင်း နိုင်ငံတော်အတွက် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို တိုင်ပင်ဆွေးနွေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အဆင့် မူဝါဒများ ချမှတ်ဆောင်ရွက်ရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသစ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းမှု မရှိသေးခြင်းနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် အခြေခံလိုအပ်ချက်များမှအစ ဖြည့်ဆည်းဆောင်ရွက်ရန်လုပ်ငန်းများ ရှိနေခြင်းတို့ကြောင့် အရေးပေါ်အခြေအနေကာလကို ၆ လ သက်တမ်းတိုး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ လူတိုင်း မဲပေးနိုင်ခွင့်ရှိရန်နှင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဆန္ဒမဲပေးခြင်းကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ မဲပေးခြင်း၊ မပေးခြင်းမှာ ပြည်သူတစ်ဦးချင်း၏ ဆန္ဒဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအားလုံး လွတ်လပ်စွာမဲပေးနိုင်ရေး ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးချိန်တွင် ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှုများနှင့် ဖိအားပေးမှုများမရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မဲဆန္ဒရှင်များ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ အချို့ EAO များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံအဝန်း ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းမှုမရှိသည်ကို တွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုရှိအောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း။

## လာမည့်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် လုပ်ဆောင်သင့်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ပါတီအရေအတွက် များပြားသော်လည်း ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အရွေးခံရသည့် ပါတီများ နည်းပါးခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းအခြေအနေသည် နိုင်ငံရေးပါတီများအနေဖြင့် ဒေသနှင့်ပြည်သူလူထုတို့၏ အမှန်တကယ် လိုလားချက်များကို ဖော်ဆောင်ပေးနိုင်ရန် အားနည်းမှုရှိနေပြီး ပြည်သူများ၏ ယုံကြည်ကိုးစားမှု နည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဒေသနှင့်ပြည်သူများ၏ လိုလားချက်များကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ပေးနိုင်သော ပြည်သူကို အမှန်တကယ် ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများဖြစ်ရန် လိုကြောင်း၊ အလားတူ ရွေးကောက်ပွဲတွင်ပါဝင်သည့် ပါတီများသည် လွှတ်တော်ထဲတွင် ကိုယ်စားပြုမှုများမှသာ ပြည်သူ၏အသံနှင့် တိုင်းပြည်မှ ဖြစ်စေချင်သည်များကို ပြောခွင့်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း၊ ပါတီများတွင် ဦးဆောင်သည့်သူများကိုလည်း ပြည်သူတို့၏ လိုလားချက်၊ လိုအပ်ချက်များကို သိရှိနိုင်ရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ ကိုယ်စားပြုမှု များပြားလာစေရေး PR စနစ်ဖြင့် ကျင့်သုံးမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် PR စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဆွေးနွေးရာတွင် လက်ခံမှုရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများနှင့် ၎င်းတို့ကို ဦးဆောင်မည့်သူများ၏ အခြေအနေများကို ပြည်သူများမှ လေ့လာနိုင်ရန်အတွက်လည်း အချိန်တစ်ခုပေးရန် လိုအပ်ကြောင်း။

မဲစာရင်းနှင့်ပတ်သက်၍ မဲစာရင်းသည် လူဦးရေနှင့် သန်းခေါင်စာရင်းကို အခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်သည့် မဲပေးပိုင်ခွင့်ရှိသူစာရင်း၊ ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်သည့် မဲစာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မဲစာရင်းဟူ၍ရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျမှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် မဖြစ်မနေ ဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ နောက်ဆုံး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ခန့်မှန်းလူဦးရေတွက်ချက်မှု အစီရင်ခံစာကို ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ခြင်းဖြစ်သဖြင့် ဆယ်နှစ်နီးပါး ကြာမြင့်ပြီဖြစ်သောကြောင့် အချို့သောအချက်များကို ပြန်လည်အတည်ပြုဆောင်ရွက်ရန် လိုအပ်သည်ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုခက်ခဲမှုနှင့် သေဆုံးမှုများ၊ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ကိန်းဂဏန်းအချက်အလက်များသည် တိကျမှန်ကန်မှုရှိရန် အားနည်းချက်များရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားအချက်အလက်များ မှန်ကန်စေရေး ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ပြန်လည်ကောက်ယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရာနှုန်းပြည့် အသင့်ဖြစ်မှုဖြစ်ရန်အတွက် အချိန်လိုအပ်ချက်ရှိခြင်းကြောင့် မိမိအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ယာယီသမ္မတကို တင်ပြ၍ အရေးပေါ်ကာလကို ၆ လ ထပ်မံသက်တမ်းတိုးရန် လိုအပ်မှုကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်ပြခဲ့ချိန်တွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို ယာယီသမ္မတကြီးမှ မေတ္တာရပ်ခံခဲ့ခြင်းကြောင့် အချို့သော မြို့နယ်များကို စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ တည်ငြိမ်အေးချမ်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

## တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိ

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စတင်ဖွဲ့စည်းစဉ်ကတည်းကပင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ ယင်းအပေါ် ဦးတည်ပြီး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အသစ်ထပ်မံချမှတ်ပြင်ဆင်၍ ဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အချို့သော မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်များကို ထုတ်ပြန်၍ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းသည် ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်း မဟုတ်ဘဲ ဒေသခံပြည်သူလူထုတို့၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေကြသည့် အကြမ်းဖက်သမားများ၏ လုပ်ဆောင်ချက်များကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တည်ငြိမ်မှုရှိရန် လိုအပ်သည့်ဒေသများတွင် ပိုမိုအလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

> ❖ **လွှတ်တော်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများကိုယ်စားပြုမှု များပြားလာစေရေး PR စနစ်ဖြင့် ကျင့်သုံးမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်၊ ထို့ကြောင့် PR စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရာတွင် လက်ခံမှုရှိသည်ကို တွေ့ရ၊ နိုင်ငံရေးပါတီများနှင့် ၎င်းတို့ကို ဦးဆောင်မည့်သူများ၏ အခြေအနေများကို ပြည်သူများမှ လေ့လာနိုင်ရန်အတွက်လည်း အချိန်တစ်ခုပေးရန်လို**

## လူအများစုဖြစ်သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သာယာဝပြောရေးဟူသည့် ရှေ့လုပ်ငန်းစဉ် ပထမအချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို သတိပြုရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့နိုင်ငံတွင် အဓိကဆောင်ရွက်၍ရနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများအားလုံးနီးပါးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံစီးပွားရေး အကျပ်အတည်းများရှိခဲ့ကြောင်း၊ သို့သော် ကုန်ဈေးနှုန်းကြီးမြင့်မှုမှလွဲ၍ စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူနည်းစု၏ အကျိုးစီးပွားကို အားပေးခြင်းမဟုတ်ဘဲ လူအများစုဖြစ်သည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အားပေးဆောင်ရွက်ခြင်းသည် ပြည်နယ်များ၏ နယ်စွန်နယ်ဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်စပါး ဝမ်းစာဖူလုံမှုထက် ကျော်လွန်သော်လည်း အချို့ဒေသများတွင် ဖူလုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၄၂ ရာခိုင်နှုန်းရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် ဒေသများတွင် တစ်ဧကချင်းအလိုက် အထွက်နှုန်းများ ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသတွင်း ဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဝမ်းစာဖူလုံမှုရှိပြီးဖြစ်သည့် ဒေသများတွင်လည်း တစ်ဧကချင်းအထွက်နှုန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်မည်ဆိုပါက ဆန်ထွက်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝ ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်ပါကလည်း အချို့နေရာများတွင် စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိထွက်ရှိနေသည့် အထွက်နှုန်းထက် တစ်ဧကလျှင် ငါးတင်း ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်မှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်သော်လည်း ယခုအခါ ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးတွင် တစ်ဧက ၇၅ တင်းသာ ထွက်ရှိလျက်ရှိကြောင်း၊ ထို့ကြောင့် စပါးတစ်ဧကလျှင် စပါးငါးတင်း ပိုမိုထွက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက စပါးတင်းပေါင်း ၇၅ သန်း ပိုမိုထွက်ရှိလာမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများတိုးပွားလာမှုမှအစပြု၍ *စာမျက်နှာ ၄ သို့*

- ❒ မိမိတို့တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှုအာဏာ ခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဆောင်ရွက်သွားမည်
- ❒ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့်ပတ်သက်၍ ထိရောက်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရမည်
- ❒ တပ်မတော်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ထို့ကြောင့် ပါတီများဖွဲ့ရာတွင် ခိုင်မာသည့် ပါတီများ ဖွဲ့စေရေး ဆောင်ရွက်ရမည်

*စာမျက်နှာ ၃ မှ*

ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေ များပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မြင့်မားစေရေး မိမိအနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### လူသားအရင်းအမြစ်များ ကြွယ်ဝစေရေး ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုနှင့်ပတ်သက်၍ ယခုအချိန်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ထားသော်လည်း အချို့သော ကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံရေးအရ၊စီးပွားရေးအရ ပညာပြန်လည်သင်ကြားမှု မရှိသည်များလည်းရှိကြောင်း၊ ပညာသင်ကြားရန် ပျက်ကွက်နေသည့် ကျောင်းသား ကျောင်းသူများအားလုံး လာမည့်ပညာသင်နှစ်တွင် ပညာသင်ကြားနိုင်စေရေး တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခက်အခဲများကြားမှ ကျောင်းများကို တက်ရောက်နိုင်ရေး ဖွင့်လှစ်ပေးထားပြီးဖြစ်သဖြင့် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေး တိုက်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်လုပ်သားများရှိရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ခရိုင်ပေါင်း ၅၀ ရှိ အခြေခံပညာကျောင်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားစေရန် နိုင်ငံသားတိုင်း KG+9 အထိ ပြီးမြောက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာပြီးဆုံးသည့်အချိန်တွင် ထိုအထဲမှ ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်လျက်ရှိ

ရှေ့လုပ်ငန်းစဉ် တတိယအချက်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟူ၍ဖြစ်ပြီး နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်မှုအာဏာကို မဖြစ်မနေ ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်အုပ်ချုပ်ရေးဟူသည်မှာ အာဏာခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁၊ ၂၊ ၃၊ ၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှ ပြဋ္ဌာန်းရမည့် ထုတ်ပြန်ရမည့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာ ဆောင်ရွက်နိုင်မှုမရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှုအာဏာခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ပတ်သက်၍ ထိရောက်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပါတီများဖွဲ့ရာတွင် ခိုင်မာသည့် ပါတီများဖွဲ့စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိ

စတုတ္ထအချက်အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဟူ၍ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့် ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို အခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ခြိမ်းခြောက်မှုနှင့် ဖိအားပေးမှုများမရှိသည့် မဲပေးမှုများဖြစ်ရန် လိုအပ်

ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသည့် အချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့် မဲပေးနိုင်မှသာလျှင် လွတ်လပ်၍ တရားမျှတသည့် စစ်မှန်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည် ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အချို့သောနယ်မြေများ၌ ခြိမ်းခြောက်မှုများရှိခြင်းကြောင့် မဲရလဒ်များ ပြောင်းလဲသွားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ဖိအားပေးမှုနှင့် ခြိမ်းခြောက်မှုများမရှိအောင် ဆောင်ရွက်နိုင်မှသာ မဲရလဒ်များ မှန်ကန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို အခြေခံသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏လိုလားချက်များ၊ ဖြစ်ချင်သည်များကို နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ချိန်ထိုး၍ အကောင်းဆုံးဖြစ်အောင် တပ်မတော်အနေဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအတွက် လုံလောက်သည့် အချိန်တစ်ခုပေးရန် လိုအပ်နေသေးကြောင်း။

### အရေးပေါ်သက်တမ်းကာလ ထပ်မံတိုးမြှင့်မှုအပေါ် ပြည်သူများ၏တုံ့ပြန်ချက်များ၊ လိုအင်ဆန္ဒများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်တာကာလ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ယာယီသမ္မတထံသို့ အစီရင်ခံတင်ပြခဲ့ပြီး အရေးပေါ်သက်တမ်းကာလကို ၆ လ ထပ်မံတိုးခဲ့ရာ တွေ့ရှိရသည့် ဝေဖန်မှုများ၊ တုံ့ပြန်ချက်များနှင့် လိုအင်ဆန္ဒများကို လေ့လာဆန်းစစ်ခဲ့ကြောင်း၊ တွေ့ရှိချက်များအရ ရွေးကောက်ပွဲ ပြန်လည်ဆောင်ရွက်ပေးရန်၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် ကုန်ဈေးနှုန်းကျဆင်းမှုရှိအောင် ဆောင်ရွက်ပေးရန်ဟူသည့် အချက် ၃ ချက်သည် အဓိကဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အချို့သောမြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ရန်တွင် ယခင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အမည်ခံသူများအနေဖြင့် မဲစာရင်းမှားယွင်းမှုများအပေါ် ဥပဒေအရ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်လမ်းစဉ်ကို ဆောင်ရွက်ခဲ့ခြင်းသည် မှားယွင်းသည့်နည်းလမ်းဖြစ်ကြောင်း၊ ထိုသို့ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် တိုင်းပြည်တစ်ခု၏ သိက္ခာပင်ဖြစ်သဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် အချိန်လိုအပ်နေသေးကြောင်း။

ကုန်ဈေးနှုန်းကျဆင်းစေရေးနှင့် ပတ်သက်၍ ကုန်ဈေးနှုန်းများ မြင့်တက်ရခြင်းမှာ ယခင်က ထုတ်ကုန်နည်းပါးပြီး သွင်းကုန်များ များပြားခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာနှင့်တစ်ဝန်း ကုန်ပစ္စည်းရှားပါးမှု၊ ပို့ဆောင်ရေးနှင့် လုပ်သားလိုအပ်ချက်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ဓာတ်မြေဩဇာများ၊ စက်သုံးဆီများ စသည့်သွင်းအားစုများ၏ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် လုပ်သားရှားပါးလာခြင်းများကြောင့် ထုတ်ကုန်များ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့် နိုင်ငံဖြစ်သဖြင့် စက်သုံးဆီများ ဈေးနှုန်းမြင့်တက်လာချိန်တွင် လျှပ်စစ်ဓာတ်အားခများလည်း မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း အခြေခံကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ကျဆင်းစေရေး တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း။

### နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်အောင်ဆောင်ရွက်

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ဘင်းစတက်စ်အဖွဲ့ဝင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှုကောင်း ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို စောင့်ထိန်းလျက် အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသော အခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်း အားထုတ်နေရမည်ဖြစ်ကြောင်း၊ **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ” “Keep Moving Forward to Achieve Our Goal”** ဆိုသည့်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ရှေ့သို့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိ၏အမြင်များကို ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ကောင်စီအဖွဲ့ဝင်များအနေ ဖြင့်လည်း တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုး များကို ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို အကြံပြုဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက တည်ငြိမ်အေးချမ်းမှု လိုအပ်နေသည့် အချို့ဒေသများ အမြန်ဆုံး တည်ငြိမ်အေးချမ်းစေရေး၊ တိုင်းရင်းသားဒေသများတွင် ခန့်အပ်ထားသော တိုင်းရင်းသားဘာသာစကားသင် နေ့စားလပေး ဆရာ၊ ဆရာမများ၏ ကိစ္စရပ်များ၊ Application အသုံးပြု၍ Online ငွေချေးလုပ်ငန်း ဆောင်ရွက်နေသူများကို စိစစ်မှုများပြုလုပ်ပေးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နေ့စားလပေး ဆရာ၊ ဆရာမများ၏ လစာ၊ ခံစားခွင့်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆွေးနွေးသုံးသပ်၍ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ၊ ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များနှင့် Online ငွေချေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အသစ်ဖွဲ့စည်းထားသည့် ကောင်စီနှင့်ကောင်စီဝင်များအား ကြိုဆိုပါကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်၍ မိမိတို့၏ဒေသအတွက်၊ နိုင်ငံတော်၏အကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်၊ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်များ အပေါ် အခြေခံပြီး နိုင်ငံတော်အတွက် အကျိုးရှိစေမည့် ကိစ္စရပ်များကို ဦးစားပေးတင်ပြခြင်း၊ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်စေလိုကြောင်း၊ အချို့ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ထိုသို့ တင်ပြမှသာ ကြန့်ကြာမှုမရှိဘဲ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များကို တာဝန်ပေးအပ်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံနှင့် လုပ်ငန်းတာဝန်အပေါ် မူတည်၍ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး အတတ်နိုင်ဆုံး တိုင်းရင်းသားအားလုံးကို ကိုယ်စားပြု ပါဝင်နိုင်အောင် ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ကောင်စီဝင်များ အနေဖြင့် တိုင်းပြည်အတွက် ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပြီး ကောင်စီသည် နိုင်ငံတော်တွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်း ဖြစ်သည့်အတွက် ယင်းနှင့်လျော်ညီစွာ ပြောဆို၊ ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကောင်စီဝင်တစ်ဦးချင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကိုယ်စားပြု၍ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ပြည်သူများ လုံခြုံစိတ်ချ စိတ်ချမ်းသာစွာနေနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်ပေးရာတွင် ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးပြီး စီးပွားရေး ကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်၏ ဂျီဒီပီ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်များသည် သမိုင်းတစ်ခုကို တာဝန်ယူခြင်းဖြစ်သည့်အတွက် မှတ်ကျောက်တင်ခံနိုင်သော လုပ်ဆောင်ချက်များ ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အရာရာကို အရှည်မျှော်တွေး၍ လုပ်ဆောင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**ဟားခါး ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့သည် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိန်ထွန်းလှနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ တောင်ဇလပ်ရိပ်သာ၌ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ပိုမိုခိုင်မာအောင် ဆောင်ရွက်**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်က မိမိတို့နိုင်ငံ၏ ဒို့တာဝန်အရေး (၃)ပါးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် အရေးကြီးသည့် အကြောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အနေဖြင့် အဆိုပါကိစ္စရပ်ကို အလေးထား ဆောင်ရွက်နေရသည့်ဌာနဟု မိမိရှုမြင်ပါကြောင်း၊ ယခု ချင်းပြည်နယ်တွင်လည်း တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှ တိုင်းပြည်တစ်ခုလုံး တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအကြား အမုန်းတရားများ မဖြစ်စေရန် ပြောဆိုနေထိုင်ကြရန် လိုအပ်ပါကြောင်း၊ ဘာသာတရားတိုင်းတွင် မေတ္တာကို အလေးထားကြသည်ဖြစ်၍ ဝန်ထမ်းများကလည်း မိမိတာဝန်ကျရာ ပြည်နယ်ရှိ တိုင်းရင်းသားများကို မေတ္တာ၊ စေတနာ ထားရှိကြရန်နှင့် ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်စဉ် မိမိတို့ဌာနရှိ ဝန်ထမ်းများအပြင် အခြားဌာနဝန်ထမ်းများနှင့် စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဝန်ထမ်းများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ချင်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိန်ထွန်းလှက ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ကူညီဆောင်ရွက်ပေးရမည်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသားရေးလက္ခဏာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို သိရှိလိုက်နာကျင့်ကြံရန် လိုအပ်ပါကြောင်း၊ မိမိတို့ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုထူးခြားသည့် အခြေအနေကာလတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်တို့ကို သိရှိနားလည်ထားပြီး လုပ်ငန်းများကို မိမိကျရာကဏ္ဍများတွင် တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရန်နှင့် နိုင်ငံဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးတို့ကိုလည်း အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့က ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)၌ လူငယ်စကားဝိုင်းကျင်းပ

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၃**

ကျောက်ဖြူမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)တို့ ပူးပေါင်း၍ လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်က အဆိုပါကောလိပ်၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသီဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ခဲ့ပြီး အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ)မှ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ဆွေးနွေးပြောကြားချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၂၅ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးရွှေဇင် | မန္တလေးတိုင်းဒေသကြီး |
| (၂) | ဒေါက်တာ အောင်မြတ်ကျော်စိန် | မွန်ပြည်နယ် |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက် အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်လိုသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကလေးမြို့နယ်ရှိ နေကြာစိုက်ခင်းများ၊ စစ်ကိုင်းမြို့ စက်မှုဇုန်ရှိ စက်ရုံများ ကြည့်ရှု

**ကလေး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ကလေးမြို့နယ် အင်တိုင်းကြီးကျေးရွာအုပ်စု ဖောင်ကူးကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားရှိသော နေကြာစိုက်ခင်းများကို သွားရောက်ကြည့်ရှုသည်။

**ပိုးသတ်ဆေးဘူးများနှင့် နေကြာမျိုးစေ့များ ပေးအပ်**

ကြည့်ရှုစဉ် တောင်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကာ တောင်သူများထံ ပိုးသတ်ဆေးဘူးများနှင့် နေကြာမျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ ကလေးမြို့နယ် အင်တိုင်းကြီး ကျေးရွာအုပ်စု ဖောင်ကူးကျေးရွာရှိ ဖောင်ဆိပ်ကုန်ထုတ်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

**လေ့လာကြည့်ရှု**

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ သုတသုခ ဓာတ်မြေသြဇာစက်ရုံသို့ ရောက်ရှိကြပြီး ဇာမဏီတံဆိပ် ကွန်ပေါင်း ဓာတ်မြေသြဇာ ထုတ်လုပ်ပုံ အဆင့်ဆင့်ကို လေ့လာကြည့်ရှုသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို အားကစားပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ သုတသုခ ဓာတ်မြေသြဇာစက်ရုံတွင် ဇာမဏီတံဆိပ် ကွန်ပေါင်းဓာတ်မြေသြဇာ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လေ့လာကြည့်ရှုစဉ်။

❂ *ကျောဖုံးမှ*

ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။


အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ယခုအသက် ခုနစ်လသား အရွယ်တွင် အရပ်အမြင့် ၃ ပေ ၂ ဒသမ ၅ လက်မ ၊ ကိုယ်လုံးလုံးပတ် ၅ ပေ၊ ကိုယ်အလေးချိန် ၃၈၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမေရိကဇုန်၊ ဥရောပဇုန်၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဇုန်တို့ရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများအား Video Conferencing စနစ်ဖြင့် တွေ့ဆုံ





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အမေရိကဇုန်၊ ဥရောပဇုန်၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဇုန်တို့ရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံရုံးအကြီးအကဲများ၊ သံရုံးယာယီတာဝန်ခံများကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံသည်။ (ယာပုံ)

**အမှန်တရားကို ရှင်းပြကြရန် တာဝန်ရှိ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့အကျိုး အများပြည်သူ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်ကြစေလိုပါကြောင်း၊ ရှေ့တန်း ခံစစ်စည်းမှ ထမ်းဆောင်နေကြသည့် သံရုံးအကြီးအကဲများ ရင်ဆိုင် နေရသည့် အခက်အခဲများကို နားလည်ပါကြောင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာများထံသို့ရောက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွဲမှားသည့် သတင်းများကို ချေဖျက်နိုင်ရန် မှန်ကန်သည့်သတင်း၊ ရိုးသားမှုတို့နှင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုအချိန်တွင် ထိတွေ့ဆက်ဆံမှုနှင့် ပတ်သက်၍ အခက်အခဲများ ရှိနိုင်သော်လည်း အမှန်တရားကို ရှင်းပြကြရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိခြင်းမရှိဘဲ၊ မဟုတ်မမှန် ဝါဒဖြန့်နေသော မီဒီယာများ၏ သတင်းများသာ လွှမ်းမိုးနေသည်ကို သံရုံးအကြီးအကဲများ သဘောပေါက်နားလည်ရန် လိုအပ်ကြောင်း၊ သံတမန်တိုက်စစ်မှူးများ၏ တာဝန်မှာ မိတ်ဝတ်မပျက် ပွင့်ပွင့်လင်း လင်း အမှန်တရားအပေါ် အခြေခံပြီး ဆက်ဆံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တိုင်းပြည်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ကြောင်း။

**အသိအမှတ်ပြုဂုဏ်ယူ**

နိုင်ငံတော်ကိုသစ္စာရှိရန် ဖြစ်ပါကြောင်း၊ ဦးစီးဦးဆောင် လုပ်သူများ က တော်တည့် မှန်ကန်စွာ ဆောင်ရွက်မှသာ နောက်ပါဝန်ထမ်းများ လိုက်ပါဆောင်ရွက်ပြီး ရည်မှန်းချက်တာဝန်များ ပြည့်မြောက် အောင်မြင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဒုက္ခရောက်စေမည့်ကိစ္စကို မိမိ၏ အသက်မွေးဝမ်းကျောင်း မဖြစ်စေရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်း များကိုလည်း ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်အညီ ကျရာနေရာမှ စိတ်ဓာတ်၊စည်းကမ်း နှင့် စာရိတ္တကောင်းသူများ ဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြပါရန် မှာကြားလိုပါကြောင်း၊ သံရုံးအကြီးအကဲများအနေဖြင့် နိုင်ငံတော်ကို သစ္စာရှိရှိနှင့် အပင်ပန်းခံ၊ အခက်အခဲမျိုးစုံကို ရင်ဆိုင်လျက် ဆောင်ရွက် နေကြသည့်အတွက် အသိအမှတ်ပြုဂုဏ်ယူပါကြောင်း၊ ယင်းစိတ်ဓာတ် များကို လက်ဆင့်ကမ်း ပေးသွားကြရန်နှင့် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကိုလည်း အသိပညာပေးပြီး ဆွေးနွေးဆောင်ရွက်ပေးသွား ကြရန် လိုအပ်ပါကြောင်း။

**နိုးကြားတက်ကြွစွာ ဆောင်ရွက်ကြရန်လို**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့် မပတ်သက်ကြရန် ဥပဒေ ကလည်း သတ်မှတ်ထားပါကြောင်း၊ အချို့သော နိုင်ငံများဆိုပါက နိုင်ငံ့ဝန်ထမ်းများသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ နိုင်ငံရေးပါတီ နှင့် မပတ်သက်ရန် တားမြစ်ချက်များရှိကြပါကြောင်း၊ တာဝန်အရ ပေးအပ်ထားသည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် ရန်နှင့် တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစား ပြုခြင်း၊ တာဝန်ပျက်ကွက်ခြင်းများ မဖြစ်ပေါ်စေဘဲ တာဝန်ကျေပွန်စွာ နှင့် ရိုးသားဖြောင့်မတ်စွာ နိုးကြားတက်ကြွစွာ ဆောင်ရွက်ကြရန်လိုအပ်ပါ ကြောင်း၊ သံရုံးအကြီးအကဲများနှင့် ဝန်ထမ်းများအကြား အပြန်အလှန် လေးလေးစားစား ဆက်ဆံကြရန်နှင့် တစ်ဦးအပေါ်တစ်ဦး ဂါရဝတရား ဖြင့် မိသားစုသဖွယ် ကူညီဖေးမ နေထိုင်ကြရန် မှာကြားလိုပါကြောင်း။

**အရည်အသွေးတိုးတက်ရန် ကြိုးစားကြစေလို**

သစ္စာရှိမှု အရေးကြီးသည်ကို ထပ်မံ၍ပြောကြားလိုပါကြောင်း၊ အခက်အခဲများရှိပါက အချိန်မရွေး လွတ်လွတ်လပ်လပ် တင်ပြနိုင်ပါ ကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ပတ်သက်၍ ဂရုပြုအလေးထားရန် မှာကြားလိုကြောင်း၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လုပ်ကိုင်ကြ ရန် ထပ်လောင်းမှာကြားလိုကြောင်း၊ လေ့လာသင်ယူကြရန်နှင့် မိမိတို့၏ အရည်အသွေး တိုးတက်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး ထွဋ်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကူဝိတ်နိုင်ငံ၏ (၆၂)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ကူဝိတ်နိုင်ငံ၏ (၆၂) နှစ်မြောက် အမျိုးသားနေ့နှင့် (၃၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်သီချင်းများဖွင့်**

ဦးစွာ အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်သီချင်းနှင့် ကူဝိတ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် ဖွင့်လှစ် သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani တို့က ကူဝိတ်နိုင်ငံ၏ (၆၂) နှစ် မြောက် အမျိုးသားနေ့နှင့် (၃၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ် ပေးကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ (ဝဲပုံ)

**ဂုဏ်ပြုညစာဖြင့် ညှော်ခံ**

ထို့နောက် ညှော်ခံပွဲသို့ တက် ရောက်လာကြသူများကို မြန်မာ နိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးက ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းညှော်ခံခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် / ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း ဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း လျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရှိ မင်္ဂလာဇေယျုံပါဠိကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုဃ်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဂုဏ်ရည်လွင်ပရိယတ္တိ စာသင်တိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိ စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိ ယတ္တိသာသနာ့တက္ကသိုလ်နှင့်လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ရတနာပုံအကျော်ကျောင်းတိုက်၊ ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည် ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ ရွှေရေးဆောင်ကျောင်းတိုက်နှင့် ပြည်ကြီး တံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မဟာ သုမနရာမကျောင်းတိုက်နှင့် ဇဟန်းမြို့နယ်ရှိ မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကျောင်းတိုက်၊ ရှမ်း ပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကန်ကြီးပရိယတ္တိ စာသင်တိုက် နှင့် လားရှိုးမြို့နယ်ရှိမြို့မကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဥသာဟ ကျောင်းတိုက်တို့သို့ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများ က သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ တာဝန်ခံအရာရှိတစ်ဦးနှင့် အမေးအဖြေကဏ္ဍ

**မေး။ ။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ခွာသွားတာနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောဆိုနေကြတာရှိပါတယ်။ ဒါကြောင့် အဲဒီအချိန်ကဖြစ်ခဲ့တဲ့ ဖြစ်စဉ်ကို ဦးစွာ ပြန်လည်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာသွားတဲ့ဖြစ်စဉ်ကို အထူးသဖြင့် ပြည်ပမီဒီယာများက ၂၀၁၇ ခုနှစ်ကတည်းက အမျိုးမျိုးဖော်ပြ ပြောဆိုနေခဲ့ကြတာပါ။ တကယ်တော့ အဲဒီလိုပြောခဲ့တာတွေဟာ အမှန်တကယ် မြေပြင်မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေမဟုတ်ဘဲ နိုင်ငံရေးရည်ရွယ်ချက်နဲ့ တစ်ဖက်သတ် လိုရာဆွဲ ပုံဖော်ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။

ထိုစဉ်က ဖြစ်ပေါ်ခဲ့တဲ့ ပကတိအခြေအနေမှန်ကတော့ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ရဲကင်းစခန်းများနဲ့ တပ်စခန်းကို အစွန်းရောက်ဘင်္ဂါလီများနဲ့ အာဆာအကြမ်းဖက်အဖွဲ့ဝင်များက ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့တာပါ။ ဒီတိုက်ခိုက်မှုတွေ မအောင်မြင်တော့မှ ဒေသခံရွာသားတွေကို ခြိမ်းခြောက်ပြီး သူတို့ရွာတွေကို စွန့်ခွာထွက်ပြေးအောင် စနစ်တကျ လှုံ့ဆော်ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှာ မောင်တောမြို့နယ် အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ဌာနချုပ်(ကျီးကန်းပြင်) ကို အကြမ်းဖက်အင်အား ၉၀၊ ငါးခူရနယ်မြေ ရဲစခန်းကို အကြမ်းဖက်အင်အား ၃၀၀၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက် နယ်ခြားစောင့် ရဲကင်းစခန်းကို အကြမ်းဖက်အင်အား ၂၀ လောက်နဲ့ သေနတ်၊ ဓား၊ လှံ၊ ဂျင်ဂလိစတဲ့ လက်နက်တွေ အသုံးပြုကာ ရုတ်တရက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါဖြစ်စဉ်များအတွင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ကိုးဦး ကျဆုံးခဲ့ရပြီး လက်နက်ခဲယမ်းတွေ အများအပြားလည်း ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလို ရဲစခန်းများ တိုက်ခိုက်ခံရအပြီးမှာ ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ အကြမ်းဖက်မှုချေမှုန်းရေး ဆောင်ရွက်ရာမှာ အစွန်းရောက်ဘင်္ဂါလီများဟာ အင်အား ၃၀၀ ခန့်မှ ၈၀၀ ခန့်အထိ စုဖွဲ့ပြီး ပြန်လည်တိုက်ခိုက်ခဲ့ကြတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးခဲ့ရတဲ့ ဖြစ်စဉ်အချို့လည်း ရှိခဲ့ပါတယ်။ အဲဒီ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ထိုစဉ်က ဟာရာကာ အယ်လ်ယာကင် (Harakah al-Yin) အမည်နဲ့ လှုပ်ရှားခဲ့ပြီး နောက်ပိုင်း အာဆာ (ARSA)လို့ အမည်ပြောင်းခဲ့တဲ့ အကြမ်းဖက်အဖွဲ့က ဦးစီးပြီး ဆောင်ရွက်ခဲ့တာလို့ အာဆာအကြမ်းဖက်အဖွဲ့က ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအဖွဲ့ကို ခေါင်းဆောင်ခဲ့သူက ဆော်ဒီအာရေဗျနိုင်ငံမှာ နေထိုင်ခဲ့တဲ့ ဘင်္ဂါလီနွယ်ဖွား အာတာအူလာဆိုသူ ဖြစ်ပါတယ်။

ပထမအကြိမ်မှာ အသင့်အတင့် အောင်မြင်မှုရလာတော့ ARSA အကြမ်းဖက်သမားတွေ အားတက်လာပြီး ဒုတိယအကြိမ်တိုက်ခိုက်မှုအနေနဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှာ ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းမှာရှိတဲ့ ရဲကင်းနဲ့ ရဲစခန်း ၃၀ အပြင် နယ်မြေခံတပ်စခန်းတစ်ခုကိုပါ စည်းရုံးလှုံ့ဆော်ကျင့်ထားတဲ့ ရွာသားတွေအပါအဝင် အင်အားထောင်ပေါင်းများစွာနဲ့ တစ်ပြိုင်တည်း တိုက်ခိုက်မှုပြုလုပ်ခဲ့ပြန်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ တပ်မတော်သား နှစ်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦး ကျဆုံးခဲ့ရပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ဝင်များဟာ ရဲစခန်းများနှင့် တပ်စခန်းကိုသာမက ကျေးရွာများကိုလည်း တိုက်ခိုက်/မီးရှို့မှုတွေပြုလုပ်ခဲ့ပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ဝင်တွေက ၎င်းတို့ ဇာတ်တိုက်ထားတဲ့အတိုင်း ကိုယ့်ရွာကို ကိုယ်တိုင်မီးရှို့တာ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ ဟိန္ဒူ မိသားစုဝင်တွေရဲ့ နေအိမ်တွေကို မီးရှို့တိုက်ခိုက်တာ၊ အကြမ်းဖက်သတ်ဖြတ်တာတွေ လုပ်ခဲ့ပါတယ်။ အဲဒီလိုအကြမ်းဖက်တိုက်ခိုက်မှုများအနက် ရဲဘောက်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်ကို အာဆာအကြမ်းဖက်ဝင်များက အုပ်စုလိုက် ဖမ်းဆီးသတ်ဖြတ်ခဲ့ပါတယ်။ အရွယ်ကောင်း ဟိန္ဒူအမျိုးသမီး ရှစ်ဦးကိုတော့ အတင်းအဓမ္မ ဘာသာပြောင်းခိုင်းပြီး တစ်ဖက်နိုင်ငံကို ခေါ်ဆောင်သွားခဲ့ပါတယ်။ တခြားဟိန္ဒူဘာသာဝင်သုံးရာကျော်ကိုလည်း ခြိမ်းခြောက်ပြီး ခေါ်သွားပါသေးတယ်။ ဒီဖြစ်စဉ်ကို ထိခိုက်နစ်နာသူ ဟိန္ဒူဘာသာဝင်များက သတင်းပေးခဲ့တဲ့အတွက် တာဝန်ရှိသူများက ရဲဘောက်ကျကျေးရွာ အနီးတစ်ဝိုက်ရှာဖွေခဲ့ရာမှာ ဟိန္ဒူဘာသာဝင် အလောင်း ၄၅ လောင်းကို ပြန်လည်တူးဖော်နိုင်ခဲ့တဲ့ ဖြစ်စဉ်လည်းရှိပါတယ်။

အာဆာအကြမ်းဖက်အဖွဲ့အနေနဲ့ ဒီလိုမျိုး အကြမ်းဖက်သတ်ဖြတ်မှုများပြုလုပ်ခြင်း၊ အခြားဘင်္ဂါလီများကို စည်းရုံး/ခြိမ်းခြောက်ဖိအားပေးခြင်း စတာတွေပြုလုပ်ခဲ့တာကြောင့် ဘင်္ဂါလီများ အလုံးအရင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာခဲ့ရာမှ နေရပ်စွန့်ခွာသူများ အရေး ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အာဆာအကြမ်းဖက်အဖွဲ့ဝင်များရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများ၊ နေအိမ်များကို ကိုယ်တိုင်မီးရှို့မှုများ ပြုလုပ်ခဲ့တဲ့ မြေပြင်အခြေအနေမှန်ကို ပြည်ပမီဒီယာတွေက ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ပြီး ၎င်းတို့တစ်ဖက်သတ်လိုရာဆွဲ၍ မြန်မာဘက်ရဲ့ ဆောင်ရွက်မှုကြောင့် နေရပ်စွန့်ခွာသွားကြတဲ့ပုံမျိုး ရေးသားဖော်ပြနေကြသလို နိုင်ငံရေးအရ မြန်မာနိုင်ငံကို ဖိအားပေးနိုင်ဖို့အတွက်လည်း မြေပြင်မှာ ဖြစ်ပေါ်ခဲ့ခြင်းမရှိတဲ့ကိစ္စရပ်များကို ပုံကြီးချဲ့ခြင်း၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခအသွင် ပုံဖော်ခြင်း စသဖြင့် အမျိုးမျိုးပြောကြားနေကြပါတယ်။

တစ်ဖက်မှာတော့ အာဆာအကြမ်းဖက်အဖွဲ့ဝင်များရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများနဲ့ ဟိန္ဒူတွေထိခိုက်ခံစားခဲ့ရတာတွေကို လုံးဝလျစ်လျူရှုနေကြပြီး ဘယ်ပြည်ပမီဒီယာကမျှ အလေးထားဖော်ပြခဲ့ခြင်း မရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် ဖြစ်စဉ်နှစ်ခုနောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ခွာသွားတဲ့ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါတယ်။

နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှုတွေအနက် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားတဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက် (၃) ရပ်ကို ဦးစွာ ပြောကြားလိုပါတယ်။ နှစ်နိုင်ငံအကြား ပထမဆုံးလက်မှတ်ရေးထိုးခဲ့တဲ့ “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် (Arrangement on Return of Displaced Persons from Rakhine State)” သဘောတူညီချက်ကို ၂၃-၁၁-၂၀၁၇ ရက်မှာ နေပြည်တော်၌ နှစ်နိုင်ငံဝန်ကြီးအဆင့်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနောက် ဒုတိယသဘောတူညီချက်ဖြစ်တဲ့ “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ဖွဲ့စည်းထားသော မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့အတွက် လုပ်ငန်းလမ်းညွှန် (Terms of Reference (TOR) for the Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh)”ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဆင့်က ၁၉-၁၂-၂၀၁၇ ရက်မှာ ဒါကာမြို့မှာ တတိယ သဘောတူညီချက်ဖြစ်တဲ့ “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အရ လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of Dis-placed Persons from Rakhine State)” ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဆင့်က ၁၆-၁-၂၀၁၈ ရက်မှာ နေပြည်တော်မှာ အသီးသီးလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဆိုပါနှစ်နိုင်ငံသဘောတူညီချက်များကိုပဲ အခြေခံပြီး ပြန်လည်လက်ခံရေးလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာမှာလည်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များအပြီးမှာ နေရပ်စွန့်ခွာသွားသူများကိုသာ စိစစ်ပြီး ပြန်လည်လက်ခံသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို မထိခိုက်ပါက နှစ်နိုင်ငံသဘောတူညီချက်များကို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမယ်လို့ ၈-၂-၂၀၂၁ ရက်က ပြောကြားထားပြီးဖြစ်ပါတယ်။

နှစ်နိုင်ငံ သဘောတူညီချက်များမှာ ပါဝင်တဲ့အချက်များအနက် သိရှိထားသင့်တဲ့ အချက်တစ်ချက်ကတော့ နေရပ်စွန့်ခွာသူတွေကို သတ်မှတ်ထားတဲ့ ပြန်လည်လက်ခံရေးမူ (၅) ချက်နှင့်အညီ စိစစ်ပြီးမှ ပြန်လည်လက်ခံသွားမှာဖြစ်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီလက်ခံရေးမူ (၅) ချက်ဟာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၁၉၉၂ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် သတ်မှတ်ခဲ့တဲ့ စံသတ်မှတ်ချက် (၄)ချက်ကို အချက် (၁) ချက် ထပ်မံတိုးထားတာ ဖြစ်ပါတယ်။ ယခင်စံသတ်မှတ်ချက် (၄) ချက်ကတော့ “(၁) မြန်မာနိုင်ငံမှာ နေထိုင်ခဲ့သူဖြစ်ရမယ်၊ (၂) မိမိဆန္ဒအရပြန်လာတဲ့သူဖြစ်ရမယ်၊ (၃) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံးရဲ့ မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရမယ်၊ (၄) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မွေးဖွားခဲ့တဲ့ ကလေးတွေဖြစ်ပါက မိဘနှစ်ပါးလုံးဟာ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့သူတွေဖြစ်ရမယ်” ဆိုတဲ့အချက်တွေဖြစ်ပြီး ထပ်တိုးထားတဲ့အချက်ကတော့ “နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်ဘက်သို့ရောက်ရှိပြီး မွေးဖွားတဲ့ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးရဲ့ ထောက်ခံချက်ပါရှိရမယ်” ဆိုတာဖြစ်ပါတယ်။

မြန်မာဘက်အနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်နေတာကိုလည်း ရပ်တန့်ခြင်းမရှိဘဲ အဆိုပါ လက်ခံရေးမူ (၅) ချက်နှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိတာကိုလည်း အသိပေးလိုပါတယ်။

ဆက်လက်ပြီး နှစ်နိုင်ငံသဘောတူညီချက်များအရ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကျင်းပပြုလုပ်နေတဲ့ အစည်းအဝေးတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် အဓိက ဆွေးနွေးဆောင်ရွက်နေတဲ့ ယန္တရားကတော့ “နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group on the Repatriation of Displaced Myanmar Residents from Bangladesh)” အစည်းအဝေး ဖြစ်ပါတယ်။ အဆိုပါ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလ၊ မေလနှင့် အောက်တိုဘာလတို့နဲ့ ၂၀၁၉ ခုနှစ်၊ မေလတို့မှာ အစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ပါတယ်။

အဲဒီနောက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ သုံးနှစ်ကျော်အကြာ ၁၄-၆-၂၀၂၂ ရက်မှာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ရဲ့ ပဉ္စမအကြိမ်အစည်းအဝေးကို နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်အရ ဗီဒီယိုကွန်ဖရင့်ဖြင့် ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာမာစွတ် ဘင်မိုမမ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။

အဲဒီအစည်းအဝေးမှာ နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှုမှာ ကြုံတွေ့ရတဲ့ အခက်အခဲများ ဖြေရှင်းနိုင်ရေး၊ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ရန်အတွက် အစီအမံများ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းတွေ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် မြန်မာဘက်က ပြင်ဆင်ဆောင်ရွက်နေတဲ့ ပြန်လည်နေရာချထားရေး အစီအမံတွေ စတဲ့ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်စိစစ်ရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ ရှေ့ပြေး စမ်းသပ်စီမံကိန်းတစ်ရပ်ဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းကို ဆောလျင်စွာ စတင်ဆောင်ရွက်ရန်၊ ဘင်္ဂလားဒေ့ရှ် တရားရုံးထောက်ခံချက်လိုအပ်သူများအတွက် တရားရုံးထောက်ခံချက်များ ထုတ်ပေးသွားရန် စတာတွေကို နှစ်ဖက်သဘောတူညီခဲ့ကြပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို စိစစ်ဆောင်ရွက်ရာမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားနိုင်ဖို့အတွက် “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အထူးအဖွဲ့ (Ad Hoc Task force for Verification of the Displaced Persons from Rakhine State)” များကိုလည်း ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းက နှစ်ဖက်ဖွဲ့စည်းခဲ့ကြကာ အထူးအဖွဲ့များအကြား ပထမအကြိမ် အစည်းအဝေးကို ၂၇-၁-၂၀၂၂ ရက်နဲ့ ဒုတိယအကြိမ် အစည်းအဝေးကို ၁၆-၉-၂၀၂၂ ရက်မှာ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် နှစ်ကြိမ်တိုင် ကျင်းပထားပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဒါတွေကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အစဉ်တစိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံဖို့အတွက် လုပ်ဆောင်ရာမှာ တိုးတက်မှုမရှိဘူးလို့ ပြောဆိုဝေဖန်နေတာတွေ ရှိပါတယ်။ အဲဒီကိစ္စအပေါ်လည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းပြီးနောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ဖို့အတွက် ၁၅-၁၁-၂၀၁၈ ရက်နဲ့ ၂၂-၈-၂၀၁၉ ရက်တို့မှာ နှစ်ကြိမ် ကြိုးပမ်းခဲ့တာရှိပါတယ်။ နှစ်ကြိမ်လုံးမှာ မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီစိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် နယ်စပ်မှာ အဆင်သင့် ပြင်ဆင်ထားခဲ့ပါတယ်။ အဲဒီအချိန်က လက်ခံဖို့လျာထားခဲ့တဲ့ စိစစ်ပြီးနေရပ်စွန့်ခွာသူအရေအတွက်ကတော့ ပထမအကြိမ်အတွက် ၂၂၆၀ နဲ့ ဒုတိယအကြိမ်အတွက် ၃၄၅၀ ဖြစ်ပါတယ်။

အဲဒီတုန်းက စိစစ်ပြီးနေရပ်စွန့်ခွာသူများကို လက်ခံဖို့အတွက် မြန်မာဘက်မှ တာဝန်ရှိသူများသာမက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA Centre) နဲ့ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာမှုအဖွဲ့ (ASEAN-ERAT)တို့မှ ကိုယ်စားလှယ်များပါ နှစ်နိုင်ငံနယ်စပ်ဂိတ်မှာ သွားရောက်ပြီး အတူစောင့်ဆိုင်းနေခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း နေရပ်စွန့်ခွာသူများနေထိုင်ရာ ဘင်္ဂလားဒေ့ရှ်ဘက်က စခန်းများမှာရှိတဲ့ အဖျက်အမှောင့်လုပ်ဆောင်သူတွေနဲ့ အကြမ်းဖက်အဖွဲ့ဝင်တွေက နေရပ်စွန့်ခွာသူများကို ခြိမ်းခြောက်မှုများနဲ့ အခြားသော ဖိအားများကြောင့် အဲဒီကြိုးပမ်းမှုများဟာ မအောင်မမြင် ဖြစ်ခဲ့ရပါတယ်။ မြန်မာဘက်အနေနဲ့ ပြန်လည်လက်ခံဖို့ကို ယနေ့အထိ အဆင်သင့်ပြင်ဆင် စောင့်ဆိုင်းနေပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နှစ်နိုင်ငံသဘောတူညီထားတဲ့ တစ်ဦးတစ်ယောက်ကိုမှ ပို့ဆောင်ပေးနိုင်ခြင်းမရှိသေးတဲ့အတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်ခဲ့တဲ့အပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မြန်မာဘက်က ကြန့်ကြာအောင် လုပ်နေတယ်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်တွေကိုလည်း ဘင်္ဂလားဒေ့ရှ် သတင်းမီဒီယာတွေကနေ ထုတ်ပြန်တာကိုလည်း တွေ့ရပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်း စတင်ဖို့အတွက် နှစ်နိုင်ငံအကြား ရှေ့ဆက်ညှိနှိုင်းဆောင်ရွက်နေတာတွေ ရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ဖို့အတွက် နှစ်ကြိမ်တိုင် ပျက်ပြားခဲ့ပေမယ့်လည်း စိစစ်ပြီးတဲ့နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံဖို့အတွက် နှစ်နိုင်ငံသဘောတူညီချက်တွေအရ မြန်မာဘက်အနေနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်နေရာမှာ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်အနေနဲ့ လူတစ်ထောင်ကျော်ကို စတင်ပြီးပြန်လည်လက်ခံနိုင်ဖို့ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်နေတာရှိပါတယ်။

ဒီလို ပြန်လည်လက်ခံရေးအတွက်ဆောင်ရွက်ရာမှာလည်း နေရပ်စွန့်ခွာသူ မိသားစုများမှာ ကလေးမွေးဖွားတာတွေရှိတဲ့အတွက် နှစ်နိုင်ငံသဘောတူညီထားတဲ့အတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မွေးဖွားတာ မှန်ကန်ကြောင်း သက်ဆိုင်ရာ တရားရုံးထောက်ခံချက်ရရှိအောင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးထောက်ခံချက်အပြင် မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တဲ့ မိဘနှစ်ပါးက မွေးဖွားသူဟုတ်-မဟုတ်ကိုပါ စိစစ်ပြီးမှ ပြန်လည်လက်ခံသွားဖို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြန်လာလိုသူများက မိသားစုစုံလင်စွာ ပြန်လာလိုတာကြောင့် မိသားစုဝင်များကိုပါ စိစစ်ရာမှာ ထည့်သွင်းပြီး စိစစ်လျက်ရှိပါတယ်။

ဒီတစ်ခါ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်နေတာမှာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးနဲ့ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကိုပါ လိုက်နာဆောင်ရွက်နိုင်ဖို့ ထည့်သွင်းဆောင်ရွက်နေပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း လမ်းညွှန်ချက်များနဲ့အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေမှုများမှာ ကြုံတွေ့ရတဲ့ အဓိကစိန်ခေါ်မှုတွေ၊ ဖြေရှင်းဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာဘက်အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ကတော့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို စိစစ်နေတဲ့ အပိုင်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ဖြည့်စွက်ပြီးပေးပို့လာတဲ့ စိစစ်ရေးပုံစံတွေမှာ ဖြည့်သွင်းဖော်ပြထားတဲ့ အမည်၊ နေရပ်လိပ်စာ အချက်အလက်တွေ၊ မိသားစုဝင် အရေအတွက်တွေဟာ မြန်မာဘက်က တာဝန်ရှိသူများ နှစ်စဉ်မြေပြင်မှာကွင်းဆင်းပြီး စာရင်းပြုစုထားတဲ့ အိမ်ထောင်စုစာရင်းပါ အိမ်ထောင်စုဝင်တွေ၊ အမည်၊ နေရပ်လိပ်စာတွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် စိစစ်ရာမှာ အချိန်ယူ စိစစ်နေရတာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် စိစစ်ရေးပုံစံတွေမှာ အမည်၊ ရွာအမည်တွေကို ဖြည့်သွင်းစဉ်က နေရပ်စွန့်ခွာသူများက ပြောကြားတဲ့အသံထွက်အတိုင်း ဘင်္ဂလားဒေ့ရှ်ဘက်က ဖြည့်စွက်ရေးသားထားတဲ့အတွက် အဲဒီစာလုံးပေါင်းတွေဟာ မြန်မာဘက်က အိမ်ထောင်စုစာရင်းမှာ ဖြည့်သွင်းထားတဲ့ စာလုံးပေါင်းတွေ မဟုတ်တဲ့အတွက် နေထိုင်ခဲ့မှုမှတ်တမ်းကို ရှာဖွေတွေ့ရှိမှု မရှိတဲ့ဖြစ်စဉ်များလည်း ရှိပါတယ်။ အချို့ကလည်း အိမ်ထောင်စုစာရင်းအရ မှတ်တမ်းရှိတဲ့ နေရပ်လိပ်စာကို ဖော်ပြခြင်းမရှိဘဲ ၎င်းတို့ဘာသာ ရွှေ့ပြောင်းနေထိုင်ခဲ့တဲ့ နေရပ်လိပ်စာများကို ဖြည့်သွင်းထားတဲ့အတွက် စာရင်းမကိုက်ညီဘဲ စိစစ်လို့မရတာလည်း ရှိပါတယ်။ တချို့သူတွေကလည်း ဟိုဘက်ရောက်မှ အိမ်ထောင်ကျသွားတာ၊ အိမ်ထောင်စုကွဲပြားသွားတာမျိုးတွေလည်းရှိတော့ စိစစ်ရာမှာ အခက်အခဲ တွေ့ရတာတွေလည်း ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အထက်ကပြောကြားခဲ့တဲ့ လက်ခံရေးမူ (၅) ချက်နဲ့ ကိုက်ညီမှုရှိသူများကိုသာ ပြန်လည်လက်ခံမှာ ဖြစ်တဲ့အတွက် စိစစ်ရေးပုံစံများမှာ ဖြည့်သွင်းထားတဲ့ အချက်အလက်များ ပြည့်စုံ၊ မှန်ကန်မှုရှိဖို့ အလွန်အရေးကြီးပါတယ်။

ဒီလို စိစစ်ရေးဆိုင်ရာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို နားမလည်တဲ့အတွက် ဝေဖန်မှုများရှိသော်လည်း မြန်မာဘက်အနေနဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့ အစည်းအဝေးများ ဆက်လက်ကျင်းပကာ ညှိနှိုင်းအဖြေရှာသွားဖို့ရှိပါတယ်။

နောက်စိန်ခေါ်မှုတစ်ရပ်ကတော့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ဆောင်ရွက်နိုင်ခြင်းမရှိလို့ဆိုပြီး မြန်မာဘက်ကို ဝေဖန်ပြစ်တင်ပြောကြားနေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါဟာဆိုရင်လည်း မြန်မာဘက်က ပြန်လည်လက်ခံရေးဆောင်ရွက်ဖို့ နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းဆောင်ရွက်ခဲ့တာနဲ့ အဲဒီနှစ်ကြိမ်မှာ နေရပ်စွန့်ခွာသူတွေ ပြန်မလာကြတဲ့ အကြောင်းရင်းမှန်တွေကို လျစ်လျူရှုပြီး ပြောဆိုနေကြတာဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အပေါ် အဟန့်အတားဖြစ်စေတဲ့ အဓိကအကြောင်းအရာများကတော့ အာဆာ (ARSA) အကြမ်းဖက်သမားများက ကော့စ်ဘဇားရှိစခန်းများအတွင်းမှာ နေရပ်စွန့်ခွာသူများနဲ့ ရောနှောနေထိုင်နေပြီး နေရပ်သို့ မပြန်ဖို့နဲ့ ၎င်းတို့မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါက အသတ်ခံရမယ်ဆိုပြီး ခြိမ်းခြောက်မှုများရှိနေတာဟာ အဓိကအကြောင်းရင်းဖြစ်တယ်လို့ သိရှိရပါတယ်။ အာဆာအကြမ်းဖက်သမားများအပြင် နေရပ်စွန့်ခွာသူများအရေး လှုပ်ရှားတက်ကြွသူများဟာ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်စတင်မှာကို မလိုလားဘဲ ၎င်းတို့ရဲ့ နိုင်ငံရေးလိုလားချက်များပြည့်မီရန်အတွက် နေရပ်စွန့်ခွာသူများကို နေရပ်ပြန်ရေး ငြင်းဆိုကြဖို့အတွက် စည်းရုံးဆောင်ရွက်နေကြတာလည်း ရှိပါတယ်။ အဲဒီလို နေရပ်မပြန်ဖို့ခြိမ်းခြောက်မှုတွေ၊ စည်းရုံးမှုတွေရှိနေသရွေ့ မြန်မာဘက်က အကောင်းဆုံး ဘယ်လိုပဲ ပြင်ဆင်ဆောင်ရွက်ထားစေကာမူ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်နိုင်ဖို့ ခက်ခဲနေမှာဖြစ်ပါတယ်။

မြန်မာဘက်အနေနဲ့ကတော့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံဖို့ ပထမအကြိမ် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ချိန်ကစပြီး ယနေ့အချိန်အထိ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ပြင်ဆင်ထားရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကသာ နှစ်နိုင်ငံ သဘောတူညီချက်တွေအတိုင်း ပြန်လည်ပို့ဆောင်ပေးနိုင်မယ်ဆိုရင် ပြန်လည်လက်ခံရေးလုပ်ငန်းကို လက်တွေ့စတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ဖို့အတွက် မြန်မာဘက်မှာသာ လုံးလုံးတာဝန်ရှိနေတာမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့လည်း နှစ်ဖက်လုံးရဲ့ စိန်ခေါ်မှုများ၊ အခက်အခဲများကို နားလည်သိရှိပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။ အခြားဖြည့်စွက် ပြောကြားလိုတာများရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့တာဝန်ယူပြီး နောက်ပိုင်းမှာလည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စကို နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို စိစစ်နေတဲ့လုပ်ငန်းစဉ်ကို ရပ်တန့်ခဲ့ခြင်းမရှိသလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးအပြင် နည်းပညာဆိုင်ရာဆွေးနွေးမှုယန္တရားအသစ်များကိုပါ တိုးချဲ့၍ ညှိနှိုင်းအစည်းအဝေးများကို နှစ်နိုင်ငံအစိုးရတာဝန်ရှိသူ အဆင့်ဆင့်အကြား ဆက်လက်ဆွေးနွေးဆောင်ရွက်နေပါတယ်။

ဒါ့အပြင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့ ရှေ့ပြေးစမ်းသပ်စီမံကိန်းတစ်ရပ်နဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ချိန်မှာ အဆင်သင့်ဖြစ်နေဖို့အတွက်လည်း ပြန်လည်လက်ခံရေးစခန်းများနဲ့ ကြားစခန်းများကို ပြန်လည်ပြင်ဆင်မှုများ၊ ပြန်လည်နေရာချထားမယ့်နေရာများမှာ အသက်မွေးဝမ်းကျောင်းကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံလိုအပ်ချက်တွေအတွက် ကြိုတင်ပြင်ဆင်မှုများကို လမ်းညွှန်ချက်များနဲ့အညီ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ စိစစ်ရေးလုပ်ငန်းစဉ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံအချို့က စိုးရိမ်ပူပန်နေသလိုမျိုး ပြည်တွင်းနိုင်ငံရေး အခြေအနေနဲ့ ဆက်နွှယ်ခြင်းမရှိဘဲ မြန်မာဘက်အနေဖြင့် စိစစ်လက်ခံရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ ပြင်ဆင်ဆောင်ရွက်မှုများကို နှစ်နိုင်ငံ သဘောတူညီချက်များ၊ ပြည်တွင်းဥပဒေများနဲ့အညီ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို အသိပေးလိုပါတယ်။

ဒါ့အပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စနဲ့ ပတ်သက်ပြီး လူအများကို ထင်ယောင်ထင်မှားဖြစ်စေဖို့၊ နိုင်ငံရေးအမြတ်ထုတ်ဖို့အတွက် ပြည်ပမီဒီယာအချို့အပါအဝင် နိုင်ငံအချို့၊ ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူအချို့က မှန်ကန်မှုမရှိတဲ့ အချက်အလက်များအပေါ် အခြေခံပြီး ဖော်ပြရေးသားနေမှုများကို သတိပြုချင့်ချိန်စေလိုကြောင်း ပြောကြားလိုပါတယ်။

နောက်ထပ်ဖြည့်စွက်ပြောကြားလိုတာကတော့ ကော့စ်ဘဇားဒုက္ခသည်စခန်းများမှာ နေရပ်စွန့်ခွာသူ ၁ ဒသမ ၁ သန်းကျော်နေထိုင်လျက်ရှိတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံတကာက ပြောဆိုဖော်ပြနေကြကာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသူအရေအတွက်ကို ချဲ့ကားနေကြတဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်က တာဝန်ရှိသူများအနေနဲ့ နှစ်စဉ်မြေပြင်မှာ ကွင်းဆင်းစိစစ်ကောက်ယူထားတဲ့ အိမ်ထောင်စုစာရင်းအရ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသူအရေအတွက်ဟာ ငါးသိန်းကျော်ရှိပါတယ်။ ဒါ့အပြင် ၁၉၉၂ ခုနှစ်က နှစ်နိုင်ငံအကြား ဆောင်ရွက်ခဲ့တဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ ပြန်လည်လက်ခံဖို့ ကျန်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၅ ခုနှစ်နောက်ပိုင်းမှစတင်၍ ပြန်လည်ဝင်ရောက်လာမှု မရှိတဲ့အရေအတွက်ဟာလည်း နှစ်ဖက်အထောက်အထားများအရ ၆၃၆၅ ဦးသာ ရှိပါတယ်။ ဒါ့ကြောင့် နေရပ်စွန့်ခွာသူဦးရေကို ချဲ့ကားဖော်ပြနေတဲ့ကိစ္စနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နောက်ပိုင်း နေရပ်စွန့်ခွာသူများကိုသာ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ပြန်လည်စိစစ်လက်ခံသွားမှာဖြစ်ပြီး ထပ်တိုးကလေးမွေးဖွားမှုများကိုလည်း လက်ခံရေးမူ (၅) ချက်နဲ့အညီ စိစစ်ပြီး ကိုက်ညီမှုရှိသူများကိုသာ လက်ခံသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

အချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စဟာ နှစ်နိုင်ငံအကြား ဖြေရှင်းဆောင်ရွက်သွားရမယ့်ကိစ္စရပ်သာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်များနဲ့အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ။

# အကြမ်းဖက် CRPH ၊ NUG ၊ PDF များ၏ ပစ်မှတ်ဖြစ်နေသော အရွယ်မရောက်သေးသည့် ကလေးသူငယ်များ

မင်းခန့်

ဖေဖော်ဝါရီ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းမှာ ကျောင်းကားတစ်စီးကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH ၊ NUG တို့ရဲ့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ရီမုမိုင်းနဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့လို့ စာမေးပွဲဖြေဆိုပြီး ပြန်လာတဲ့ ကျောင်းသူတစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားတဲ့သတင်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြားသိခဲ့ရပါတယ်။

ကျောင်းဖွင့်ရက်တွေမှာ နေ့စဉ် ဒီအချိန်၊ ဒီလမ်းကြောင်းကနေ ပုံမှန်သွားလာနေတဲ့ ကျောင်းကားကို ရီမုမိုင်းနဲ့၊ ဖောက်ခွဲတိုက်ခိုက်ခဲ့တာဖြစ်လို့ ကျောင်းသား၊ ကျောင်းသူတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ရက်ရက်စက်စက် အကြမ်းဖက် တိုက်ခိုက်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ကျောင်းဝတ်စုံ အဖြူအစိမ်း ဝတ်ဆင်ထားတဲ့ အပြစ်မဲ့ကလေးငယ် ကျောင်းသား၊ ကျောင်းသူလေးများ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများကို မြင်တွေ့ရတဲ့သူတိုင်းလည်း စိတ်မကောင်းဖြစ်ကြရပါတယ်။ သားသမီးရှိတဲ့ မိဘတိုင်းလည်း ကိုယ်ချင်းစာစိတ်နဲ့ ခံစားကြည့်ရင် ဒီလိုဆိုးရွားရက်စက် ယုတ်မာလွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာစက်ဆုပ်ကြပါတယ်။

**ဒီလိုဖြစ်စဉ်ကိုကြည့်ရင် နိုင်ငံတော်ရဲ့အနာဂတ်၊ မိဘများရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ သားသမီးများရဲ့ ပညာသင်ကြားရေးကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သလို နိုင်ငံရေးနဲ့မသက်ဆိုင်တဲ့ ကလေးသူငယ်များကို ပစ်မှတ်ထားပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒီလိုအကြမ်းဖက် လုပ်ရပ်မျိုးတွေကို နိုင်ငံတကာက ဘယ်လိုသဘောထားကြပါသလဲ။ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ ဒီလိုဆိုးရွားရက်စက်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ကြိုးကိုင်စီစဉ်ဆောင်ရွက်နေတဲ့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH ၊ NUG အဖွဲ့နဲ့ မြေပြင်မှာ လက်ရဲဇက်ရဲကျူးလွန်နေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို အားပေးထောက်ခံသင့်ပါသလား စဉ်းစားချင့်ချိန်ကြစေချင်ပါတယ်။**

ကလေးသူငယ်တွေဆိုတာ နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အနာဂတ်ဖြစ်သလို အဖိုးတန်ရတနာတွေလည်း ဖြစ်ပါတယ်။ ကလေးသူငယ်တွေဟာ အရွယ်ရောက်ပြီးသူတွေနဲ့ နှိုင်းယှဉ်ရင် မိမိကိုယ်ကို စောင့်ရှောက်ကာကွယ်နိုင်တဲ့ အသက်အရွယ်၊ အတွေ့အကြုံနဲ့ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေ မရှိသေးတာကြောင့် မိဘ၊ ဆွေမျိုးများ၊ အစိုးရနဲ့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများရဲ့ အရိပ်အာဝါသအောက်မှာ အထူးအကာအကွယ်ပေးထားရသူတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတိုင်းမှာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ ရရှိသင့်တဲ့ အခွင့်အရေးတွေနဲ့၊ သူတို့အပေါ် ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ဥပဒေတွေနဲ့ ထိန်းကျောင်း ကာကွယ်ထားရခြင်း ဖြစ်ပါတယ်။

နိုင်ငံတကာဥပဒေတွေအရတော့ တိုက်ခိုက်ရေးစစ်သည်မဟုတ်တဲ့ အရပ်သား (Non–Combatants) တွေကို အကာအကွယ်ပေးထားတဲ့ဥပဒေတိုင်းဟာ ကလေးသူငယ်များအတွက် ''General Protection'' အရ အကျုံးဝင်ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ၁၉၂၄ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ Geneva Declaration of the Rights of the Child ၊ ၁၉၅၉ ခုနှစ် နိုဝင်ဘာလမှာထုတ်ပြန်တဲ့ Declaration of the Rights of the Child အပါအဝင် အခြားသော အခွင့်အရေးဆိုင်ရာ ဥပဒေများမှာ ကလေးသူငယ်များရဲ့ အခွင့်အရေးကို ကာကွယ်ပေးထားပါတယ်။

သာမန်အခြေအနေတွေမှာ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးထားသလို သာမန်မဟုတ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ အတွင်းမှာလည်း အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေအပေါ် အထူးကာကွယ်ပေးထားတဲ့ ဥပဒေတွေရှိပါတယ်။ Geneva Convention တွေရဲ့နောက်ဆက်တွဲတွေဖြစ်တဲ့ ၁၉၇၇ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ Additional Protocol I ၊ Article 77 မှာ ''Children shall be the object of special respect and shall be protected against any form of indecent assault. The Parties to the conflict shall provide them with the care and aid they require, whether because of their age or for any other reason" ကလေးသူငယ်တွေကို အထူးလေးစားရမယ်၊ သူတို့အပေါ်ကျရောက်မယ့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ကာကွယ်ပေးရမယ်။ အသက်ငယ်တာအပြင် ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်ဖြစ် ပဋိပက္ခထဲမှာ ပါဝင်တဲ့အုပ်စုတွေအနေနဲ့ ကလေးငယ်တွေကို ကူညီထောက်ပံ့စောင့်ရှောက်မှုတွေပေးရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ပြည်တွင်းပဋိပက္ခကို ရည်ညွှန်းတဲ့ AP II မှာ အဲဒီထက် အသေးစိတ်ကျတဲ့ ပြဋ္ဌာန်းချက်တွေ ပါဝင်ပါတယ်။



PDF အမည်ခံအကြမ်းဖက်များ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အရွယ်မရောက်သေးသော ကလေးသူငယ်များ။

မြန်မာနိုင်ငံမှာလည်း ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်က ''ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ'' ကိုပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အခန်း (၁၆) မှာ ''ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း'' ပါဝင်ပြီး ကလေးသူငယ်တွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကနေ အကာအကွယ်ပေးထားပါတယ်။ အခန်း (၁၇) ဖြစ်တဲ့ ''ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ'' ဆိုတဲ့ အခန်းမှာလည်း လက်နက်ကိုင်ပဋိပက္ခတွေ အတွင်းမှာ ကလေးသူငယ်တွေကို အထူးကိစ္စရပ်တစ်ခုအနေနဲ့ အကာအကွယ်ပေးဖို့၊ စောင့်ရှောက်ဖို့ ပါဝင်ပြီးဖြစ်ပါတယ်။

**ဒီလိုပြည်တွင်းနဲ့ နိုင်ငံတကာမှာ ကလေးသူငယ်တွေကို အလေးထား ကာကွယ်စောင့်ရှောက်ဖို့၊ ပဋိပက္ခတွေမှာမပါဝင်စေဖို့၊ ကြားမညပ်စေဖို့ ဥပဒေတွေနဲ့ တားမြစ်ထားပေမယ့်လည်း မြန်မာနိုင်ငံမှာတော့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH ၊ NUG တို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံရေးအရ အမြင်မတူလို့၊ သူတို့ကိုထောက်ပံ့ခြင်းမပြုလို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုတစ်စုလုံးကို ကလေးသူငယ်ပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်နေကြသလို ကလေးသူငယ်တွေကိုလည်း အကြမ်းဖက်ဖောက်ခွဲမှု ကျူးလွန်တဲ့နေရာမှာ ဓားစာခံအဖြစ် အသုံးချနေကြတာကို စိတ်မကောင်းဖွယ်ရာ၊ စိုးရိမ်ထိတ်လန့်ဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်။**

မြန်မာနိုင်ငံမှာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG တွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမား တို့ရဲ့ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရတဲ့ ကလေးသူငယ်အရေအတွက် ၁၄၃ ဦးရှိပြီဖြစ်ပြီး ဒဏ်ရာရရှိခဲ့တဲ့အရေအတွက် ၃၉၂ ဦးရှိပြီး ဖြစ်ပါတယ်။ စာရင်းဇယားတွေအရ စစ်ကိုင်းတိုင်းဒေသကြီးဟာ ကလေးသူငယ်တွေ အကြမ်းဖက်ခံရမှုကြောင့် သေဆုံးသူအများဆုံးဖြစ်ပြီး မကွေးတိုင်းဒေသကြီးက ဒုတိယအများဆုံး ဖြစ်ပါတယ်။ သေဆုံးခဲ့ကြရတဲ့ ကလေးငယ်အများစုဟာ နိုင်ငံရေးအရောင်အသွေးမတူတဲ့အတွက် ဒလန်မိသားစုဆိုပြီး စွပ်စွဲသတ်ဖြတ်လို့၊ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ လက်လုပ်မိုင်းတွေပေါက်ကွဲလို့၊

စာမျက်နှာ ၁၁ သို့

> **''ဒီလို ပြည်တွင်းနဲ့ နိုင်ငံတကာမှာ ကလေးသူငယ်တွေကို အလေးထား ကာကွယ်စောင့်ရှောက်ဖို့၊ ပဋိပက္ခတွေမှာ မပါဝင်စေဖို့၊ ကြားမညပ်စေဖို့ ဥပဒေတွေနဲ့ တားမြစ်ထားပေမယ့်လည်း မြန်မာနိုင်ငံမှာတော့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH ၊ NUG တို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံရေးအရ အမြင်မတူလို့၊ သူတို့ကို ထောက်ပံ့ခြင်းမပြုလို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုတစ်စုလုံးကို ကလေးသူငယ်ပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်နေကြသလို ကလေးသူငယ်တွေကိုလည်း အကြမ်းဖက်ဖောက်ခွဲမှု ကျူးလွန်တဲ့နေရာမှာ ဓားစာခံအဖြစ် အသုံးချနေကြတာကို စိတ်မကောင်းဖွယ်ရာ၊ စိုးရိမ်ထိတ်လန့်ဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်''**

> **''ဒီလိုဖြစ်စဉ်ကိုကြည့်ရင် နိုင်ငံတော်ရဲ့အနာဂတ်၊ မိဘများရဲ့မျှော်လင့်ချက်ဖြစ်တဲ့ သားသမီးများရဲ့ ပညာသင်ကြားရေးကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သလို နိုင်ငံရေးနဲ့ မသက်ဆိုင်တဲ့ ကလေးသူငယ်များကို ပစ်မှတ်ထားပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒီလိုအကြမ်းဖက်လုပ်ရပ်မျိုးတွေကို နိုင်ငံတကာက ဘယ်လိုသဘောထားကြပါသလဲ။ ငြင်းလို့မရတဲ့ သက်သေ အထောက်အထားတွေအရ ဒီလိုဆိုးရွားရက်စက်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ကြိုးကိုင်စီစဉ်ဆောင်ရွက်နေတဲ့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH ၊ NUG အဖွဲ့နဲ့ မြေပြင်မှာ လက်ရဲဇက်ရဲကျူးလွန်နေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို အားပေးထောက်ခံသင့်ပါသလား စဉ်းစားချင့်ချိန်ကြစေချင်ပါတယ်''**

စာမျက်နှာ ၁၀ မှ

**“ဒီလိုဖြစ်စဉ်တွေ ဖြစ်လာရတဲ့ဇာစ်မြစ်ကအကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ NUG အဖွဲ့ရဲ့ စေခိုင်းစီမံမှုတွေနဲ့ လှုံ့ဆော်မှုတွေအရ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက မြေပြင်မှာ ကျူးလွန်နေကြတာဖြစ်ပါတယ်။ ငြင်းလို့မရနိုင်တဲ့ အထောက်အထားတွေ၊ ခိုင်မာတဲ့မှတ်တမ်းတွေ အားလုံးရှိနေပြီး ကမ္ဘာသိအောင် သတင်းများထုတ်ပြန်ပေးနေသလို သက်ဆိုင်ရာ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးနိုင်ငံတကာအဖွဲ့အစည်းများနဲ့ နိုင်ငံတကာရဲတပ်ဖွဲ့များကိုလည်း ထပ်ခါတလဲလဲ အသိပေးထားပြီးဖြစ်ပါတယ်”**

**၁-၂-၂၀၂၁ ရက်မှ ၁၁-၂-၂၀၂၃ ရက်ထိ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကလေးသူငယ်များသေဆုံးမှုစာရင်း**

| စဉ် | တိုင်း/ပြည်နယ် | သေဆုံးသည့် ကလေးသူငယ် | | ပေါင်း | ဒဏ်ရာရရှိသည့် ကလေးသူငယ် | | ပေါင်း |
|---|---|---|---|---|---|---|---|
| | | ကျား | မ | | ကျား | မ | |
| ၁ | နေပြည်တော် | | | | ၂ | | ၂ |
| ၂ | ကချင်ပြည်နယ် | ၄ | | ၄ | ၁၂ | ၅ | ၁၇ |
| ၃ | ကယားပြည်နယ် | | | | ၂ | ၅ | ၇ |
| ၄ | ကရင်ပြည်နယ် | | ၁ | ၁ | ၁၂ | ၇ | ၁၉ |
| ၅ | ချင်းပြည်နယ် | ၁ | | ၁ | ၃ | ၃ | ၆ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၂ | ၂၄ | ၆၆ | ၆၉ | ၄၉ | ၁၁၈ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၃ | ၆ | ၁၃ | ၃ | ၁၆ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၃ | ၇ | ၁၀ | ၂၂ | ၁၂ | ၃၄ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၅ | ၆ | ၂၁ | ၁၅ | ၁၄ | ၂၉ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၈ | ၉ | ၁၇ | ၃၈ | ၁၁ | ၄၉ |
| ၁၁ | မွန်ပြည်နယ် | ၂ | ၂ | ၄ | ၈ | ၁၁ | ၁၉ |
| ၁၂ | ရခိုင်ပြည်နယ် | | ၂ | ၂ | ၂ | | ၂ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၄ | ၇ | ၂၄ | ၁၇ | ၄၁ |
| ၁၄ | ရှမ်းပြည်နယ် | ၂ | | ၂ | ၁၈ | ၁၃ | ၃၁ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | ၂ | ၁ | ၁ | ၂ |
| | **စုစုပေါင်း** | ၈၃ | ၆၀ | ၁၄၃ | ၂၄၁ | ၁၅၁ | ၃၉၂ |

PDF အမည်ခံအကြမ်းဖက်တွေလက်နက်စမ်းသပ်ရင်း ကျေးရွာတွေထဲကို ရမ်းသန်းပစ်ခတ်လို့၊ ကျေးရွာ မီးရှို့လို့၊ ဒရုန်းတွေမှာ ဗုံးသီးတွေချိတ်ပြီး ထိချင်ရာထိ ပစ်ချလို့ သေဆုံးခဲ့ကြရတာ အများစုဖြစ်ပြီး PDF တွေ အကြမ်းဖက်မှုဆောင်ရွက်ဖို့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို ခေးစာခံအဖြစ် အသုံးချတဲ့အတွက် သေဆုံးခဲ့ကြရတဲ့ဖြစ်စဉ်များလည်း ပါဝင်နေပါတယ်။

ဒီဖြစ်စဉ်တွေထဲကမှ ပြည်သူလူထုနဲ့ နိုင်ငံတကာက သိရှိနိုင်အောင် ထူးခြားဖြစ်စဉ်တချို့ကို အကျဉ်းမျှဖော်ပြပေးလိုပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ညောင်ရှင်ကုန်းကျေးရွာမှာ ရစဖမှူး ဦးမြင့်အောင် ၏ ဇနီး၊ သမီးနဲ့ မြေးများဖြစ်တဲ့ မိသားစုဝင် (၇) ဦးစလုံးကို PDF အမည်ခံ အကြမ်းဖက်တွေသတ်ဖြတ်သွားကြပါတယ်။ ဒီလို ရက်ရက်စက်စက်အသတ်ခံရတဲ့ မိသားစုတွေထဲမှာ မြေးဖြစ်တဲ့ အသက် ၁၇ နှစ်အရွယ် မောင်နေထက်သိန်း၊ အသက် ၁၆ နှစ်အရွယ် မောင်ဇေယျာအောင်၊ အသက် ၁၃ နှစ်အရွယ် မောင်စိုးမင်းပိုင်၊ အသက် ၉ နှစ်အရွယ် မမေဇင်ဖြူ၊ နာမည်တောင် သေချာမပေးရသေးတဲ့ တစ်နှစ်အရွယ် မောင်သားသားတို့ဟာ အရွယ်မရောက်သေးတဲ့ ကလေးငယ်များဖြစ်ကြပါတယ်။ အဘိုးဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်တာနဲ့ မိသားစုတစ်စုလုံးကို ရင်ခွင်ပိုက် တစ်နှစ်အရွယ် ကလေးပါမကျန် လူမဆန်စွာ သတ်ဖြတ်သွားခဲ့ကြတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငါးမြောင်ကျေးရွာမှာ PDF အမည်ခံ အကြမ်းဖက်တွေက ဦးကျော်လှိုင် (၆၅) နှစ် (ဝါး/မျော ရောင်းဝယ်ရေး) အပါအဝင် မိသားစု (၈) ဦး စလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားကြပါတယ်။ ဒီလိုသတ်ဖြတ်ခံရတဲ့ အထဲမှာ ဦးကျော်လှိုင်ရဲ့ မြေးတွေဖြစ်တဲ့ မောင်ခန့်ဇေယျာမျိုး(၆)နှစ်၊ မသိမ့်ရွှေဘုံစံ (၁၁) နှစ်၊ မစုမြတ်စံ (၁၅) နှစ်တို့ဟာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ ဖြစ်ကြပါတယ်။ ထူးခြားတာက ဦးကျော်လှိုင်တို့ မိသားစုဟာ NLD ပါတီကို ထောက်ခံအားပေးသူတွေဖြစ်ပြီး ဝါး/မျောရောင်းဝယ်ရေးနဲ့ စီးပွားဖြစ်နေကြပေမယ့် PDF အမည်ခံ အကြမ်းဖက်တွေကို ထောက်ပံ့ကြေး မပေးတော့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ သတ်ဖြတ်သွားကြတာဖြစ်ပါတယ်။ အရင်ကပေးနေပြီး နောက်ပိုင်းမှာ PDF အမည်ခံအကြမ်းဖက်တွေရဲ့ အကြမ်းဖက်လမ်းစဉ်ကို မယုံကြည်တော့လို့ ဆက်လက်




**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငါးမြောင်ကျေးရွာရှိ အရွယ်မရောက်သေးသော ကလေးသူငယ်များအပါအဝင် မိသားစုတစ်စုလုံးအားသတ်ဖြတ်ခဲ့မှု။**

မထောက်ပံ့တော့တာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH ၊ NUG တို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက သူတို့ကို မထောက်ခံတာနဲ့၊ ငွေကြေးမပေးတာနဲ့ နိုင်ငံရေးအရောင်မရွေး ကလေးပါမကျန် ရက်စက်စွာ သတ်ဖြတ်ကြတယ်ဆိုတာ သိသာထင်ရှားစေတဲ့ အထောက်အထားတစ်ခုဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် မေ ၁၉ ရက် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာမှာ ရစဖမှူး ဦးစိုးညွန့် အိမ်ကို PDF အမည်ခံ အကြမ်းဖက်သမားတွေရောက်လာပြီး ဇနီး မတင်မာစိုး အပါအဝင် သားဖြစ်သူ အသက် ၃ နှစ်အရွယ် မောင်စွမ်းထက်အောင်ကိုပါ ရက်ရက်စက်စက် သတ်ဖြတ်သွားကြပါတယ်။ ဒီလိုမျိုး အုပ်ချုပ်ရေးမှူးမိသားစုတွေကို ကလေးငယ်တွေပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်တဲ့ဖြစ်စဉ်တွေ အများကြီး ရှိခဲ့ပါတယ်။ ဖခင် သို့မဟုတ် အဘိုးဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူး ဖြစ်နေတာနဲ့ သူတို့ရဲ့ မိသားစုတွေကို ရင်ခွင်ပိုက်ကလေးပါမကျန် သတ်ဖြတ်နေကြတာက လုံလောက်တဲ့ အကြောင်းပြချက် ဟုတ်ပါရဲ့လား၊ ဖြစ်သင့်ဖြစ်ထိုက်ပါသလား စဉ်းစားကြည့်ကြဖို့လိုပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်က တန့်ဆည်မြို့နယ် ကျီကုန်း(တ)ကျေးရွာက ဦးရဲမြင့် (၅၇) နှစ်အပါအဝင် မိသားစုဝင် (၆) ဦးစလုံးကို PDF အမည်ခံအကြမ်းဖက်တွေက ရဲတပ်ဖွဲ့ဝင်တစ်ဦးရဲ့မိသားစုဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့သတ်ဖြတ်ခဲ့ကြတာဖြစ်ပြီး ဦးရဲမြင့်ရဲ့ မြေးဖြစ်သူ မနုနုခိုင်နဲ့ မချောစုလှိုင်တို့ဟာ အသက် ၁၈ နှစ်ဝန်းကျင်သာရှိတဲ့ ဆယ်ကျော်သက်တွေဖြစ်ပြီး အငယ်ဆုံး မကျော့မှူးကေသွယ်ဟာ အသက် ၄ နှစ်သာ ရှိပါသေးတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးရဲ့ မိသားစုဖြစ်တာနဲ့ အရွယ်မရောက်သေးတဲ့ အမျိုးသမီးငယ်လေးတွေပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပျဉ်းမလမ်း ယာဘက်က မြို့နယ်ဘောလုံးကွင်းဝင်ပေါက်မှာ လက်လုပ်မိုင်း (၁) လုံးပေါက်ကွဲပြီး မောင်မိုးရန်ကို (၇) နှစ်နဲ့ မောင်ဝင်းနိုင်မင်း (၁၁)နှစ်တို့ ရုပ်ပျက်ဆင်းပျက် သေဆုံးခဲ့ကြရပါတယ်။ မျက်မြင်တွေ့ရှိချက်တွေအရ ကလေးငယ် (၂) ဦး ကိုင်ဆောင်လာတဲ့ ကြွပ်ကြွပ်အိတ်ထဲက မိုင်းပေါက်ကွဲခဲ့တာလို့ သိရပါတယ်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH ၊ NUG တွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လူသူအများအပြား လာရောက်ကြည့်ရှုတဲ့ အားကစားကွင်းထဲမှာ မိုင်းခွဲဖို့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို ငွေကြေးပေးပြီး ခိုင်းစေအသုံးချခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ NUG က ဇော်ဝေစိုး ထုတ်ဖော်ပြောဆိုခဲ့တဲ့ “အိတ်သေးသေးလေးတွေလည်း ဖွင့်မကြည့်နဲ့ ကိစ္စတုံးသွားမယ်” ဆိုတဲ့ ခြိမ်းခြောက်မှုနဲ့တထေရာတည်းတူညီနေတာကို တွေ့ရပါတယ်။

ဒီဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် PDF အမည်ခံအကြမ်းဖက်တွေအနေနဲ့ နိုင်ငံရေးအရောင်အသွေး မတူလို့၊ ဝန်ထမ်းဖြစ်လို့ဆိုတဲ့ အကြောင်းပြချက် သာမကတော့ဘဲ သူတို့ကိုအားပေးထောက်ခံခြင်း မပြုတော့တဲ့ နိုင်ငံရေး အရောင်အသွေးတူသူတွေကို သတ်ဖြတ်တဲ့နေရာမှာ ဘာမှမဆိုင်တဲ့ ကလေးသူငယ်တွေကိုပါ ရက်ရက်စက်စက် သတ်ဖြတ်နေကြကြောင်း မီးမောင်းထိုးပြနေတာပဲ ဖြစ်ပါတယ်။ **ဒီလိုဖြစ်စဉ်တွေ ဖြစ်လာရတဲ့ ဇာစ်မြစ်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ NUG အဖွဲ့ရဲ့ စေခိုင်းစီမံမှုတွေနဲ့ လှုံ့ဆော်မှုတွေအရ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက မြေပြင်မှာ ကျူးလွန်နေကြတာဖြစ်ပါတယ်။ ငြင်းလို့မရနိုင်တဲ့ အထောက်အထားတွေ၊ ခိုင်မာတဲ့ မှတ်တမ်းတွေ အားလုံးရှိနေပြီး ကမ္ဘာသိအောင် သတင်းများ ထုတ်ပြန်ပေးနေသလို သက်ဆိုင်ရာ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး နိုင်ငံတကာအဖွဲ့အစည်းများနဲ့ နိုင်ငံတကာရဲတပ်ဖွဲ့များကိုလည်း ထပ်ခါတလဲလဲ အသိပေးထားပြီး ဖြစ်ပါတယ်။**

စိတ်မကောင်းစရာက နိုင်ငံတချို့ကတော့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG တွေနဲ့ ၎င်းတို့ရဲ့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက အကြမ်းဖက်လူသတ်နေကြတဲ့ ဖြစ်စဉ်တွေကို ကမ္ဘာ့မီဒီယာတွေပေါ်မှာ တက်မလာအောင် နည်းမျိုးစုံနဲ့ ထိန်းချုပ်ထားပြီး အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ ထိတွေ့ဆက်ဆံကာ အကြမ်းဖက်အားပေး လုပ်နေကြတာကို တွေ့ရပါတယ်။ ဒီလိုမျိုး ထိတွေ့ဆက်ဆံနေမှုတွေဟာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG တွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကို အားပေးရာရောက်နေသလို မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှု၊ လုပ်ကြံသတ်ဖြတ်မှုများကို ပိုဆိုးလာအောင် မီးထိုးပေးနေတဲ့ လုပ်ရပ်များပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ သို့

# မော်စကိုမြို့၌ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်မြောက်အထိမ်းအမှတ် ဆင်လိမ္မာဖျော်ဖြေပွဲနှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကျင်းပ

မော်စကို ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ မော်စကိုအစိုးရနှင့် Grandpa Durov's Corner Animal Theatre တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် မြန်မာ့ဆင်လိမ္မာဖျော်ဖြေပွဲနှင့် အဆိုပါဆင်ငယ်လေးများအား ရုရှားနိုင်ငံသို့ ပို့ဆောင်ခဲ့ပုံ၊ ထိန်းသိမ်းစောင့်ရှောက်၊ လေ့ကျင့်ပေးပုံများ စသည့်မှတ်တမ်းဓာတ်ပုံပြပွဲ အခမ်းအနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Grandpa Durov's Corner Animal Theatre တွင် ကျင်းပခဲ့သည်။


မော်စကိုအစိုးရအဖွဲ့ဝန်ကြီးနှင့် မော်စကိုနိုင်ငံခြားစီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr. Sergey Cheremin နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။


ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ရှေးဦးစွာ မော်စကိုအစိုးရအဖွဲ့ဝန်ကြီးနှင့် မော်စကိုနိုင်ငံခြားစီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲဖြစ်သူ Mr. Sergey Cheremin၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ တတိယအာရှဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Nozdrev နှင့် Grandpa Durov's Corner Theatre မှ အနုပညာဆိုင်ရာ ဒါရိုက်တာဖြစ်သူ Mrs. Natalia Durova တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပရာတွင် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး တည်ထောင်မှု နှစ်(၇၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ၁၉-၁၂-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပေးအပ်ခဲ့သည့် ဆုခိုင်လှ၊ ရွှေရွှေထွန်းနှင့် ငြိမ်းငြိမ်းမိုးဟု အမည်ရသည့် (၁၀) နှစ်ခန့်အရွယ် မြန်မာ့ဆင်လိမ္မာလေးများနှင့် အခြားတိရစ္ဆာန်ငယ်လေးများက တက်ရောက်လာကြသော ဧည့်သည်တော်များအား အက၊ အလှ၊ သဘာဝတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဧည့်သည်တော်များအား စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံပြီး တက်ရောက်လာကြသော ဧည့်သည်တော်များက မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကာ ညနေ ၄ နာရီတွင် အခမ်းအနားအောင်မြင်စွာ ပြီးဆုံးခဲ့သည်။

အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာသံရုံးဝန်ထမ်းမိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် စစ်သံရုံး ဝန်ထမ်းမိသားစုများ၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilyevich Fomin၊ မော်စကိုအစိုးရအဖွဲ့ဝန်ကြီးနှင့် မော်စကိုနိုင်ငံခြားစီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲဖြစ်သူ Mr. Sergey Cheremin၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Pavel Nikolaevich Gusev၊ တတိယအာရှဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Nozdrev၊ ကာလုဂါဒေသ အစိုးရအဖွဲ့ ဒုတိယအကြီးအကဲ Mr. Vladimir V. Potyomkin၊ Grandpa Durov's Corner Animal Theatre မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးဝန်ထမ်းများ၊ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပညာသင်ကြားလျက်ရှိသည့် မြန်မာကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



မြန်မာ ဆင်လိမ္မာလေးများက အက၊ အလှ၊ သဘာဝတို့ဖြင့် ဧည့်သည်တော်များအား ကပြဖျော်ဖြေစဉ်။

*စာမျက်နှာ ၁၁ မှ*

နိုင်ငံတကာမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှု (Terrorism & Terrorism Acts) ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြပါတယ်။ သို့သော်လည်း **ဒီနေ့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH၊ NUG တို့နဲ့ ၎င်းတို့ရဲ့လက်ဝေခံ PDF အမည်ခံ** အကြမ်းဖက်တွေရဲ့လုပ်ရပ်တွေက တော်လှန်ရေးအမည်ခံပြီး နိုင်ငံရေးရပ်တည်ချက်မတူတဲ့ အပြစ်မဲ့ပြည်သူတွေ၊ ၎င်းတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူ (**Non-Combatants)** တွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်နေရာမှာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကိုပါမချန် သတ်ဖြတ်နေကြပြီး မည်သည့်ကမ္ဘာ့လူ့အဖွဲ့အစည်းကမှ လက်မခံနိုင်တဲ့ အကြမ်းဖက်မှုတွေ ကျူးလွန်နေကြတယ်ဆိုတာကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော **CRPH၊ NUG** အကြမ်းဖက်အဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံနေကြတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံများကို ထပ်မံအသိပေးပြောကြားလိုပါတယ်။

ဒီလိုအရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကို ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက် လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ဖြစ်စဉ်တွေဟာ ငါနဲ့မတူ ငါ့ရန်သူ အယူအဆအရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့တွေရဲ့ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားတွေက ကျူးလွန်ခဲ့ကြတဲ့ ရာဇဝတ်ပြစ်မှုကြီးတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အနေနဲ့ကတော့ နိုင်ငံတကာဥပဒေတွေအရကော၊ ပြည်တွင်းဥပဒေတွေအရပါ ကလေးသူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးကို ကာကွယ်ရမယ့်တာဝန် အပြည့်အဝရှိတာကြောင့် လိုအပ်တဲ့လုံခြုံရေး အစီအမံတွေချမှတ်ပြီး အကြမ်းဖက်ရန်ကနေ ကာကွယ်ပေးနေပါတယ်။ ဒီလိုရက်စက်ဆိုးရွားလှတဲ့ လုပ်ရပ်တွေကို ကျူးလွန်နေတဲ့ အကြမ်းဖက်အဖွဲ့တွေကို ငွေကြေးထောက်ပံ့ပြီး နိုင်ငံရေးအကြောင်းပြချက်နဲ့ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်း ပြည်ပ လူပုဂ္ဂိုလ်များအနေနဲ့ အထူးဂရုပြု တွေးဆဆင်ခြင်နိုင်ဖို့အတွက် ရင်ခွင်ပိုက်ကလေးပါမကျန် သတ်ဖြတ်နေကြတဲ့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG တွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်တွေရဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တင်ပြပေးလိုက်ရပါတယ်။ ။

**ဒီနေ့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH ၊ NUG တို့နဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်တွေရဲ့လုပ်ရပ်တွေက တော်လှန်ရေးအမည်ခံပြီး နိုင်ငံရေးရပ်တည်ချက်မတူတဲ့အပြစ်မဲ့ပြည်သူတွေ၊ ၎င်းတို့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူ (Non-Combatants) တွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်နေရာမှာ အရွယ်မရောက်သေးတဲ့ကလေးသူငယ်များကိုပါမချန် သတ်ဖြတ်နေကြပြီး မည်သည့်ကမ္ဘာ့လူ့အဖွဲ့အစည်းကမှ လက်မခံနိုင်တဲ့ အကြမ်းဖက်မှုတွေ ကျူးလွန်နေကြတယ်ဆိုတာကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG အကြမ်းဖက်အဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံနေကြတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ နိုင်ငံများကို ထပ်မံအသိပေး ပြောကြားလိုပါတယ်။**

**ကျမ်းကိုးစာရင်း**

Geneva Convention IV 1949, Additional Protocol I and II 1977, Geneva Declaration of the Rights of the Child 1924, Declaration of the Rights of the Child 1959။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ "ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ"၊ ၂၀၁၉။

# အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ မြန်မာနိုင်ငံအစီရင်ခံစာအား တင်ပြခြင်းနှင့် SEA-PLM 2024 သုတေသနလုပ်ငန်းဆောင်ရွက်မှုကို အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ Southeast Asia Primary Learning Metrics (SEA–PLM) 2019 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ မြန်မာနိုင်ငံ အစီရင်ခံစာအား တင်ပြခြင်းနှင့် SEA–PLM 2024 သုတေသနလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ အသိပေးမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ယူနီဆက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ(SEA–PLM)သည် မူလတန်းအဆင့် နောက်ဆုံးနှစ် (မြန်မာနိုင်ငံတွင် Grade 5) ကျောင်းသားများ၏ အရေး၊ အဖတ်နှင့် သင်္ချာစွမ်းရည်များကို စစ်ဆေးတိုင်းတာနိုင်ရန်အတွက် အာဆီယံ ဒေသတွင်းကျယ်ပြန့်သော ပညာရည်စစ်ဆေးမှု တစ်ခုဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း သင်ယူတတ်မြောက်မှုကို ထင်ဟပ်စေလျက် ၂၁ ရာစုကျွမ်းကျင်မှုများပါဝင်သော ပညာရည်စစ်ဆေး မှုကို ဖြည့်ဆည်းခြင်းအားဖြင့် ပိုမိုကောင်းမွန်တိကျသော သင်ယူမှုရလဒ်များ ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် တန်းတူညီမျှသော ပညာရေးကို ဒေသတွင်းရှိ ကလေးများအားလုံး ရရှိစေမည်ဖြစ်ပါကြောင်း။

SEA–PLM ပင်မစစ်ဆေးမှု (Main Survey) တွင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ပညာရေးတက္ကသိုလ်နှင့် UNICEF Myanmar Office မှ ကိုယ်စားလှယ် စုစုပေါင်း ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ “SEA–PLM Myanmar National Report” ကို ဆက်စပ် ဦးစီးဌာနများ၊ ပညာရေးဒီဂရီကောလိပ်များ၊ ပညာရေးတက္ကသိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများသို့ ၂၀၂၂ ခုနှစ် ဇွန် ၉ ရက်တွင် ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးက ယနေ့ ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသည့် “(၁၃) ကြိမ်မြောက် SEA–PLM Regional Steering Committee အစည်းအဝေး” တွင် SEA–PLM 2024 ၏ အကြိုစမ်းသပ်စစ်ဆေးမှု (Field Trial) ကို လာမည့်စက်တင်ဘာလ



အတွင်း ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သဖြင့် တိုင်းဒေသကြီး နှစ်ခု၊ ပြည်နယ် နှစ်ခုမှ Grade – 5 ကျောင်းသား ၁၀၀၀ ခန့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဤစစ်ဆေးအကဲဖြတ်ခြင်း သုတေသန လုပ်ငန်းသည် သာတူညီမျှပြီး အရည်အသွေးပြည့်ဝသော ပညာရေးကို ဖော်ဆောင်ရန်အတွက် သက်သေအခြေပြုမူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပြီး ဒေသတွင်း နိုင်ငံများ တစ်ပြေးညီသတ်မှတ်ထားသော ပညာရေးစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က SEA–PLM 2019 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေကို အကျဉ်းချုပ်တင်ပြသည်။ ယင်းနောက် ပညာရေးသုတေသန၊စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာစိုးက SEA–PLM 2019 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ အညွှန်းဘောင်များအား တင်ပြသည်။ ဆက်လက်၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အရာထမ်းများက SEA–PLM 2019 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ မြန်မာနိုင်ငံအစီရင်ခံစာအား တင်ပြသည်။ ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးသုတေသန ဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**




ညီလာခံ စတုတ္ထနေ့တွင် မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးပြည့်မီသော လူတိုင်း လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်ရေးအတွက် အခြေခံကျသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အပေါ် လက်ရှိအခြေအနေအား သုံးသပ်ခြင်း၊ မဟာဗျူဟာများ ဖော်ထုတ်ခြင်းနှင့် ကတိကဝတ်များဆိုင်ရာ ဆွေးနွေးခြင်းကို “Myanmar Health Workforce for the SDG and 2030 UHC Targets: Situational Analysis, Strategies and Commitments” ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ် ဆွေးနွေးကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခဒေါက်တာ ဖေသက်ခင်နှင့် မြန်မာနိုင်ငံ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ၏ အရေးပါမှုနှင့် ပတ်သက်၍ အမှာစကား ပြောကြားကြသည်။

ယင်းနောက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကတိကဝတ်များ၊ တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေး အာမခံမှုစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်အခန်းကဏ္ဍများကို ဆွေးနွေးပြောကြားပြီး ပါမောက္ခများ၊ ပညာရှင်များနှင့် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ကျင်းပရာ စာတမ်းရှင်များက သုတေသနစာတမ်း စုစုပေါင်း ၁၁ စောင်ကို ဖတ်ကြားတင်သွင်းကြပြီး ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့်တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုကြသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၃**

ကျောင်းသား ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် အားတက်သရော ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာမြို့ ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၂၀ ရက်က မုံရွာမြို့ ပညာရေးဒီဂရီကောလိပ် ပဋ္ဌာလခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာမြို့ ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမင်းမင်းသိမ့်က အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့်အတူ မုံရွာမြို့ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူ ငါးဦးက “လူငယ်နှင့် ပညာရေး”၊ “လူငယ်နှင့်စာရိတ္တ” “လူငယ်နှင့် လူမှုမီဒီယာ”၊ “လူငယ်နှင့် အားကစား”၊ “လူငယ်နှင့် မူးယစ်ဆေးဝါး” စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးသည်။

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မုံရွာမြို့ ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘားအံတက္ကသိုလ်၌ သီချင်းဆိုပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံတက္ကသိုလ်တွင် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ ချင်ခင်ရင်းနှီးစွာ မိသားစုစိတ်ဓာတ်ဖြင့် ပေါင်းသင်းဆက်ဆံနိုင်ရေးနှင့် အပန်းဖြေစေနိုင်ရေးတို့ကို ရည်ရွယ်၍ သီချင်းဆိုပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲကို ယမန်နေ့ညနေပိုင်းက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး သီချင်းဆိုပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ မိတ်ဆုံစားပွဲအား ဆက်လက်ကျင်းပသည်။ သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး ကံစမ်းမဲဖောက်ခြင်း၊ တေးသီချင်းဆိုခြင်းများကို ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အာရှအကြီးဆုံး ဒရုန်းပြပွဲ ကျင်းပ

**ဘူဆန် ဖေဖော်ဝါရီ ၂၃**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဆိပ်ကမ်းမြို့ ဘူဆန်၌ စက်မှုလုပ်ငန်း၏ နောက်ဆုံးပေါ် နည်းပညာကို ပြသရန်အတွက် အာရှအကြီးဆုံး ဒရုန်းပြပွဲကို ကျင်းပနေကြောင်း ဘူဆန်မြို့တော် အစိုးရက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

သတ္တမ အကြိမ်မြောက် ကျင်းပသည့် ၂၀၂၃ ခုနှစ် တောင်ကိုရီးယား ဒရုန်းပြပွဲကို ဘူဆန်ပြပွဲနှင့် ကွန်ဗင်းရှင်း စင်တာ (ဘက်စ်ကို) တွင် ဖေဖော်ဝါရီ ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပရန် စီစဉ်ထားသည်။ အဆိုပါပြပွဲသည် အာရှ၏ အကြီးဆုံး ဒရုန်းပြပွဲကြီး၌ ကုမ္ပဏီပေါင်း ၁၇၂ ခုမှ ပြခန်းပေါင်း ၆၂၅ ခန်းကို ဧရိယာ ၁၇၆၀၀ စတုရန်းမီတာ ကျယ်ဝန်းသော ပြပွဲခန်းမတွင် ကျင်းပလျက်ရှိသည်။



တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အာရှအကြီးဆုံး ဒရုန်းပြပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။

ဒရုန်းနှင့် ပတ်သက်သော အရာအားလုံးနှင့် ဒရုန်းဖြင့် ရင်ဆိုင်ရမည့် ကျွန်ုပ်တို့၏ အနာဂတ်ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အဆိုပါ ပြပွဲသည် စက်မှုလုပ်ငန်း အချင်းချင်း ပေါင်းစည်းထားသော လုပ်ငန်းများနှင့် အမျိုးမျိုးသော ဒရုန်းမော်ဒယ်လ်များကို မိတ်ဆက်ပြီး ဒရုန်းစက်မှုလုပ်ငန်း၏ ချဲ့ထွင်နိုင်မှုကို အဓိကထား ပြသမည်ဖြစ်သည်။ ယင်းပြပွဲ၌ ဆက်သွယ်ရေး၊ ပထဝီဝင်ဆိုင်ရာ လမ်းကြောင်းပြမှု၊ ဉာဏ်ရည်တု (အေအိုင်) နှင့် သင်ကြားသင်ယူမှု၊ အိုင်တီ နည်းပညာနှင့် စက်ရုပ်များ အပါအဝင် နည်းပညာကဏ္ဍအသီးသီးမှ ဦးဆောင်ကုမ္ပဏီများ စုစည်းထားသည်။

အဆိုပါပွဲကို ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့် အိုင်စီတီဝန်ကြီးဌာန၊ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ ရေကြီးမြေပြိုမှုကြောင့် သေဆုံးသူ ၄၈ ဦးအထိ တိုးလာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၂၃**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဒေသတွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ဆော်ပိုလိုပြည်နယ်၌ သေဆုံးသူဦးရေမှာ ၄၈ ဦးအထိ တိုးလာပြီဖြစ်သည်။

ကယ်ဆယ်ရေး လုပ်သားများကလည်း ပျောက်ဆုံးနေသူများကို ဆက်လက် ရှာဖွေနေကြသည်ဟု ဒေသခံအာဏာပိုင်များက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောသည်။ ဆောက်ဆာဘတ်တီယာအိုဒေသမှ သေဆုံးသူ ၄၇ ဦးရှိပြီး တစ်ဦးမှာမူ အူဘတ်တူဘာမှ ဖြစ်သည်ဟု ဆော်ပိုလိုပြည်နယ် အစိုးရကပြောသည်။

ပျောက်ဆုံးနေသူ ၄၀ ရှိပြီး ၎င်းတို့မှာ မြေပြိုမှုကြောင့် ရွှံ့နွံများအောက်တွင် ရောက်နေမည်ဟု ခန့်မှန်းထားသည်။ ကလေးသုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ကလေးခြောက်ဦး အပါအဝင် ၂၈ ဦးမှာ ဆေးရုံတက်ကုသမှုခံယူနေရသည်ဟု အစိုးရက ပြောသည်။ ပြည်နယ်အတွင်း ခရီးသွားများ စိတ်ဝင်စားရာနေရာဖြစ်သည့် ကမ်းရိုးတန်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှု နှစ်ကြိမ်ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်။



ရေကြီးမှုဖြစ်ပွားခဲ့သည့်နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။

ဘရာဇီးရေတပ်သည် ဆော်ပိုလိုမြို့ အရှေ့မြောက်ဘက် ၁၉၀ ကီလိုမီတာအကွာတွင် ရွေ့လျားဆိပ်ကမ်းတစ်ခုပြုလုပ်ပြီး သောင်တင်နေသည့် ခရီးသွားများ ထွက်ခွာနိုင်ရေး စီစဉ်ပေးခဲ့ရသည်။

**ဆင်ဟွာ**

# တူကီယဲ - ဆီးရီးယား ငလျင်ကြောင့် သေဆုံးသူ ၄၉၀၀၀ ကျော်အထိ ရှိလာပြီဖြစ်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၃**

တူကီယဲနှင့် ဆီးရီးယားနယ်စပ်အနီး ငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၄၉၀၀၀ ကျော်အထိ ရှိလာပြီဖြစ်သည်။ ငလျင်ကြောင့် နေအိမ်များ ပျက်စီးသွားသည့်အတွက် အိုးမဲ့အိမ်မဲ့ဖြစ်ရသည့် အရေအတွက်မှာလည်း များပြားသည်။

ငလျင်ကြောင့် တူကီယဲတွင် သေဆုံးသူဦးရေမှာ ၄၃၅၅၆ ဦးရှိပြီး ဆီးရီးယားတွင် ၅၉၁၄ဦးရှိသည်။ ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူးရှိသည့် ငလျင်သည် ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခတ်ခဲ့ပြီး အပျက်အစီးကြီးမားခဲ့သည်။ တူကီယဲနိုင်ငံတွင် အဆောက်အအုံပေါင်း ၁၁၈၀၀၀ ထက်မနည်း ပြိုကျပျက်စီးခဲ့သည်။ အယ်ဘစ္စတန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဟာဆန်ဘူရယ်က ၎င်းတို့ဒေသတွင် ငလျင်ကြောင့် သေဆုံးသူ ၉၃၀ ရှိပြီး ဒဏ်ရာရရှိသူ ၃၃၀၀ ရှိသည်ဟု အင်န်အိတ်ချ်ကေသို့ ပြောသည်။

ခရိုင်အတွင်း လူပေါင်း ၂၀၀၀၀ ကိုလည်း အခြားနေရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။ လက်ရှိတွင် လူပေါင်း ၁၂၀၀၀ မှာ ယာယီတဲများ ရွက်ဖျင်တဲများတွင် နေထိုင်နေရသည်။ အဆိုပါဒေသမှ လူများမှာ ၎င်းတို့၏ပုံမှန်လူနေမှုဘဝသို့ပြန်ရောက်ရန် အချိန်ခြောက်လမှ တစ်နှစ်အထိ ယူရဦးမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဆင့်မအကြိမ်မြောက် မိုးခေါင်ရေရှားမှု ဆက်တိုက်ကြုံတွေ့ရနိုင်သည့် အာဖရိကဦးချိုဒေသ

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၃**

အာဖရိကဦးချိုဒေသတွင် ဆဋ္ဌမအကြိမ်မြောက် ဆိုးရွားသောမိုးခေါင်ရေရှားမှုသည် ဆက်လက်ကြုံတွေ့ရန် သေချာနေကြောင်း ဒေသဆိုင်ရာ ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် သတိပေးခဲ့သည်။

ယင်းအခြေအနေကြောင့် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဆိုမာလီယာတစ်နိုင်ငံတည်း၌ပင် လူပေါင်း ၂၆၀၀၀၀ ခန့် သေဆုံးခဲ့သည့် မိုးခေါင်ရေရှားမှုဖြစ်စဉ်များထက် ပိုမိုဆိုးရွားသောအခြေအနေများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။ မတ်လမှ မေလ ရာသီသည် ပုံမှန်အားဖြင့် အာဖရိကဦးချိုဒေသကြီး၏ အီကွေတာ အစိတ်အပိုင်းများတွင် နှစ်စဉ် မိုးရေချိန် စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းအထိ ရွာသွန်းလေ့ရှိသည်။

အရှေ့အာဖရိက အုပ်စု (အိုင်ဂျီအေဒီ) နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရ ကင်ညာ၊ အီသီယိုးပီးယား နှင့် ဆိုမာလီယာရှိ လူ ၂၃ သန်းသည် အစားအစာလုံခြုံမှုမရှိဘဲ ၂၀၁၁ ခုနှစ် မိုးခေါင်ရေရှားကာလထက် အခြေအနေများ ပိုမိုဆိုးရွားလာကြောင်း အိုင်စီပီအေစီက ပြောကြားသည်။

အမျိုးသမီးနှင့် ကလေး ၈၀ ရာခိုင်နှုန်းအပါအဝင် ဆိုမာလီယာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူ ၁ ဒသမ ၃ သန်းရှိကြောင်း၊ ယခုနှစ်တွင် ဆိုမာလီယာလူဦးရေထက်ဝက်ကျော်ရှိသည့် လူပေါင်း ၈ ဒသမ ၃ သန်းခန့်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

**အေအက်ဖ်ပီ**

# မွန်ဂိုလီးယား ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် ကုလားအုတ်ပွဲတော် ကျင်းပမည်

**အူလန်ဘာတာ ဖေဖော်ဝါရီ ၂၃**

မွန်ဂိုလီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော ခရီးသွားကဏ္ဍကို ပြန်လည်ရှင်သန်လာစေရန်အတွက် လာမည့်မတ်လအတွင်း တောင်ပိုင်းပြည်နယ် အမ်နူဂိုဗီတွင် (၂၄) ကြိမ်မြောက် ကုလားအုတ်ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်သည်။

ကုလားအုတ်တစ်ထောင်ပွဲတော်ကို သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်နယ်မြို့တော် ဒါလန်ဇက်ဂက်၌ မတ် ၅ ရက်မှ ၇ ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရာတွင် ကုလားအုတ်ယဉ်ကျေးမှုကို နောင်လာနောက်သားမျိုးဆက်များထံ ဖြန့်ဝေရန်၊ ဘက်ထရီယန် ကုလားအုတ်မျိုးစိတ်များကို မြှင့်တင်ပေးရန်နှင့် ကုလားအုတ်အရေအတွက် တိုးလာစေရန် ရည်ရွယ်သည့် အဆိုပါပြပွဲတွင် ကုလားအုတ်ပိုလို၊ ကုလားအုတ်ပြိုင်ပွဲ၊ ကုလားအုတ်ချီတက်ပွဲနှင့် ကုလားအုတ်လေလံပွဲတို့ ပါဝင်မည်ဖြစ်သည်။

တောင်ပိုင်းပြည်နယ် အမ်နူဂိုဗီသည် မွန်ဂိုလီးယားနိုင်ငံ၏ ပြည်နယ်များအနက် ကုလားအုတ်ကောင်ရေ အများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ကုလားအုတ်ကောင်ရေ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်း တရားဝင်အချက်အလက်များက ဖော်ပြသည်။

**ဆင်ဟွာ**



# ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းချက်အား ထုတ်ပြန်ကြေညာ

(၂၃-၂-၂၀၂၃)

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အခြေအနေအပေါ်မူတည်၍ ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့် ပြည်သူလူထုမှ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ သိသိသာသာ ကျဆင်းလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ လိုက်နာကျင့်သုံးဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများအနက် အောက်ဖော်ပြပါ အခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်/လေထွက် မကောင်းသော နေရာများတွင်ရှိနေချိန် (လူတစ်ဦးနှင့် တစ်ဦး (၃) ပေခြား၍နေထိုင်ရန် မဖြစ်နိုင်သော အခြေအနေ)၊

( ခ ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့်ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

( ဂ ) ဆေးရုံ/ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေမြင့်မားသူများ၊ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ အဝလွန်သူများ၊ အကြောင်း အမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်း မရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)

( င ) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူ။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၅ ရာခိုင်နှုန်းရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၃၁,၆၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၇၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက် ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## နေပြည်တော် ဇေယျာသီရိမြို့နယ်၌ အုန်းမာလာခွံကြယ်သီးသင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာရှိ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း အစည်းအဝေးခန်းမ၌ အုန်းမာလာခွံကြယ်သီး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်းလီမိတက်၊ အုန်းမာလာခွံကြယ်သီးပညာရှင်များက ကြီးမှူး၍ ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ တစ်ပိုင်တစ်နိုင်မှတစ်ဆင့် စီးပွားဖြစ် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဂင်း၊ ဇေယျာသီရိမြို့နယ် MSME ဥက္ကဋ္ဌ ဦးအောင်မိုးခိုင်၊ အုန်းမာလာခွံ ကြယ်သီးပညာရှင် ဦးဖိုးဇော်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ဇော်ဘီ၊ ဓာတ်ပုံ - ကိုဖြိုး

## စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့၍ သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်း ဒေသကြီး ဗန်းမော်မြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့နယ်လျှပ်စစ်ရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် အခင်းဖြစ်နေရာအနီး ဖြတ်သန်း သွားလာလျက်ရှိသည့် စီးမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးပဏ္ဍိတ သက်တော် ၄၃ နှစ် ဝါတော် ၂၃ ဝါ၊ ကသာမြို့ အမှတ်(၄)ရပ်ကွက်နေ ဦးဇော်နိုင်ဝင်း ၃၁ နှစ်နှင့် မသော်ရီဆွေ ၂၃ နှစ်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့၍ ဆေးကုသနိုင်ရေး ဗန်းမော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းအား မိုင်းထောင်ဖောက်ခွဲပြီး သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦးတို့အား ထိခိုက်ဒဏ်ရာများရရှိစေခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်

# အနုပညာဖန်တီးမှုများ တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တွဲဖက်အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး အဖွဲ့ဝင်အချို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဒစ်ဂျစ်တယ် နည်းပညာများ တိုးတက်လာမှုနှင့်အတူ ရုပ်ရှင်၊ ဗီဒီယို၊ ဓာတ်လမ်းတွဲစသည့် အနုပညာဖန်တီးမှုများကို Online Platform များမှတစ်ဆင့် ပြသဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို ထုတ်လွှင့်ပြသရာတွင် တရားဝင် ထုတ်လွှင့်ပြသခြင်းများရှိသကဲ့သို့ မူလလက်ရာများကို ခိုးယူပြီး မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းတွင် တရားမဝင်ပြသပြီး လောင်းကစားအခြေပြု Platform များ တည်ထောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေးကဏ္ဍများ ထူထောင်ခြင်းများနှင့် ဥပဒေမဲ့ဆောင်ရွက်မှုများသည် နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသည်ကို တွေ့မြင်ရပါကြောင်း။

နည်းပညာ တိုးတက်လာမှုနှင့်အတူ တရားမဝင်ခိုးယူဖြန့်ချိမှုများသည်လည်း စက္ကန့်နှင့်အမျှ နစ်နာမှုများ ဖြစ်ပေါ်လာခြင်းကြောင့် ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို အမြန်ဆုံးလုပ်ဆောင်သွားရန်လည်း လိုအပ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ရုပ်ရှင် ဓာတ်ကားများကို တရားမဝင်ပြသခြင်းနှင့် ရောင်းချခြင်းများ လုပ်ဆောင်လျက်ရှိသည့် Channel များ၊ Website များနှင့် Facebook Page များကို အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ပါက နောင်တစ်ချိန်တွင် ဆိုးရွားသည့် မူပိုင်ခွင့်ချိုးဖောက်မှုများ ဖြစ်လာနိုင်သည့်အပြင် အခြားမသမာသူများက စီးပွားရေးအရ တရားမဝင် လုပ်ကိုင်လာနိုင်ပါကြောင်း။

ထို့ကြောင့် အဖွဲ့ဝင်များအနေဖြင့် အွန်လိုင်းမှ ရုပ်ရှင်ဓာတ်ကားများ တရားမဝင်ခိုးယူဖြန့်ချိမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်တစ်ဦးက အနုပညာဖန်တီးမှုများအား Online Platform များမှ တစ်ဆင့် တရားမဝင် ခိုးယူဖြန့်ချိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**




# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မင်းပြား ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မင်းပြားမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်း အသီးသီးတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော မင်းပြားမြို့နယ်ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ကိုးရွာ၊ မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်တို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီး ကျော်မင်းထွန်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းစီဖြင့် အိမ်ထောင်စု ၅၈၈ စုအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၉၄၀ ကိုလည်းကောင်း၊ မြောက်ဦးခရိုင် အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် နေရပ်ပြန် ပြောင်းရွှေ့စရိတ် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ၅၈၈ သိန်းကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် လူတစ်ဦးကို ဆန်ရိက္ခာ တစ်ရက်လျှင် နှစ်ဘူးစီဖြင့် အိမ်ထောင်စု ၅၈၈ စု၊ လူဦးရေ ၂၃၄၃ ဦးအတွက် တစ်လစာရိက္ခာ ဆန်ဖိုး ငွေကျပ် ၂၁၀၈၇၀၀၀ ကို လည်းကောင်း၊ မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးအရာရှိက လူသုံးကုန်ပစ္စည်း ၁၇ မျိုး ပါဝင်သော Family Kit ပုံး ၅၈၈ ပုံးကို လည်းကောင်း၊ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းနှင့် တာဝန်ရှိသူများက နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး လိုက်လံနှုတ်ဆက်ပို့ဆောင်ပေးခဲ့ကာ နေရပ်အသီးသီးသို့ သယ်ဆောင်မည့် ပစ္စည်းများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက နေအိမ်အရောက် မော်တော်ကား၊ စက်လှေများဖြင့် ကူညီသယ်ယူရွှေ့ပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သိန်းနုအောင်(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ် တရဘ - ဂိုင်ထောင့် - ဇမ္ဗူရစ်လမ်းပေါ်၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်လျက်ရှိ




**တောင်ကုတ် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တရဘ-ဂိုင်ထောင့်-ဇမ္ဗူရစ်ကျေးရွာချင်းဆက်လမ်းပေါ်၌ တည်ဆောက်လျက်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအား ယမန်နေ့က ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမြင့်ဟန်နှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားမှာ တောင်ကုတ်မြို့နယ် တရဘကျေးရွာအုပ်စုရှိ တရဘ-ဂိုင်ထောင့်-ဇမ္ဗူရစ်ကျေးရွာ ချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်မှာ ပေ ၁၂၀ ရှိကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၈၀ ဖြင့် ဌာနမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမအကျော့ အင်တာမီလန်အနိုင်ရပြီး မန်စီးတီးသရေကျ

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီခွဲက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသည့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှ လိုက်ပ်ဇစ်နှင့် မန်စီးတီး၊ အင်တာမီလန်နှင့် ပေါ်တိုအသင်းတို့ပွဲစဉ်တွင် အင်တာမီလန် အသင်း အနိုင်ရရှိပြီး မန်စီးတီးအသင်း သရေကျခဲ့သည်။

ပွဲကြည့်ပရိသတ် ၇၅၀၀၀ ကျော် လာရောက်ကြည့်ရှုသည့် အင်တာမီလန်နှင့် ပေါ်တိုအသင်းတို့ပွဲစဉ်တွင် အင်တာမီလန်အသင်းက ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော လူစားဝင်တိုက်စစ်ကစားသမား လူကာကူ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ပြိုင်ဘက်ကို အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် ဆုပ်ကိုင်နိုင်ခဲ့သည်။

လိုက်ပ်ဇစ်နှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက ပွဲချိန် ၂၇ မိနစ်တွင် မာရက်ဇ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ တွင် ဂီဗာဒိုလ်၏ခေါင်းတိုက်ချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ်ပေါင်း ၄၅၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ပထမအကျော့တွင် နှစ်သင်းစလုံး ပြတ်သားသော ရလဒ်ဖော်ဆောင်ထားနိုင်ခြင်း မရှိသောကြောင့်လာမည့် ဒုတိယကျော့ပွဲစဉ်တွင် နောက်တစ်ဆင့်တက်ရေး ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

**အောင်ဇော်**

✳ *ကျောဖုံးမှ*


ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး GFA အသင်းသည် အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်များကြောင့် ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ရန်ကုန်တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၂၁၊ ၃၀၊ ၄၅ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၅၀ တွင် ကောင်းထက်စိုးနှင့် ၈၆ မိနစ် တွင် ဥက္ကာနိုင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းနှင့် ဟံသာဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁) တွင် စုစုပေါင်း ခြောက်ပွဲကျင်းပရာ နှစ်ပွဲသာ အရှုံးအနိုင် ရလဒ်ထွက်ပေါ်ခဲ့ပြီး ကျန်လေးပွဲမှာ သရေကျခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်က အား/ကာသိပွဲကို နှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်အသင်းက GFA အသင်းကို ငါးဂိုးပြတ် အနိုင်ရပြီး ဒဂုံစတားနှင့် ရှေ့ဝတီအသင်း နှစ်ဂိုးစီသရေ၊ ရတနာပုံနှင့် ကချင်ယူနိုက်တက် ဂိုးမရှိသရေ၊ မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ဂိုးမရှိသရေ၊ မြဝတီနှင့် ဟံသာဝတီ တစ်ဂိုးစီ သရေကျခဲ့သည်။

**ရဲရင့်လွင်**

ဓာတ်ပုံ – MNL

# အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ Grand Hyatt Hotel ၌ ကျင်းပသည်။

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ပြုလုပ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ (Eminent Persons)၊ အဆင့်မြင့် ကိုယ်စားလှယ်များ(High Level Representatives)၊ ကိုယ်စားလှယ်များနှင့် အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်သည်။ အဆိုပါ အစည်းအဝေးသို့ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်ဦးဆောင်၍ မြန်မာနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများ လိုက်ပါတက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်၌ ထည့်သွင်းမည့် အဓိကသွင်ပြင်လက္ခဏာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ ပြီးပြည့်စုံပြီး အားလုံးအကျုံးဝင်သည့် မျှော်မှန်းချက်ပေါ်ထွက်လာရေးအတွက် ဒေသတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်ကိစ္စ၊ ၂၀၂၃ ခုနှစ်အတွင်း အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကိစ္စ၊ တီမောလက်စ်တေနိုင်ငံကို လေ့လာသူနိုင်ငံအဖြစ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ စတင်ဖိတ်ကြားရေးကိစ္စ၊ ၂၀၂၃ ခုနှစ် မေလတွင်ကျင်းပမည့် (၄၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာနှင့် အကြံပြုတင်ပြချက်များကိစ္စတို့ကို အမြင်ချင်း ဖလှယ် ဆွေးနွေးသည်။ ထို့ပြင် အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် ဂျကာတာမြို့အခြေစိုက် အာဆီယံဖောင်ဒေးရှင်းနှင့် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲသင့်သည့် ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာဟချက်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ ပြည်သူများကိုဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်သော လက်တွေ့ကျသည့် မျှော်မှန်းချက်များဖြစ်ရန် လိုအပ်ပါကြောင်း၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော မမျှော်မှန်းနိုင်သည့်ကိစ္စများကို ခြုံငုံသုံးသပ်ပြင်ဆင် ဖြည့်စွက်နိုင်ရေးအတွက် ကာလလယ်သုံးသပ်ချက်များကို ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

လက်ရှိ အာဆီယံအသိုက်အဝန်း (၂၀၁၅-၂၀၂၅) သည် မကြာမီပြီးဆုံးတော့မည်ဖြစ်ပါသဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည်။ အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာတွင် မီးလောင်ဆုံးရှုံးခဲ့သည့် မိသားစုများအား ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် နေအိမ် ၁၉ လုံး မီးလောင် ဆုံးရှုံးခဲ့ပြီး မီးကူးစက်မှုမရှိစေရေးအတွက် နေအိမ်နှစ်လုံးကို ဖျက်ဆီးခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် မီးဘေးသင့် ပြည်သူများအား စိမ်းစားပင်ကျေးရွာ အောင်မြေဘုံရတနာစိမ်းစားပင် ကျောင်းတိုက်သို့ ပြောင်းရွှေ့နေရာချထားခဲ့ပြီး ကယ်ဆယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးမြင့်စိုး၊ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်တိုင်း ဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် အဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။




ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးမြင့်စိုး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်းနှင့် အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်၊ ဆီ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

အဆိုပါ ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းများအတွက် ထောက်ပံ့ငွေကျပ် ၂၄၉၅၃၀၀၀၊ ကယ်ဆယ်ရေး ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၀၂၈၆၄၉၊ အလှူရှင်များက ငွေကျပ်၄၀၂၉၆၅၀ နှင့် အိမ်အသုံးအဆောင်ပစ္စည်း တန်ဖိုးငွေကျပ် ၁၃၀၅၉၀၀ စုစုပေါင်း ထောက်ပံ့ငွေများနှင့် ပစ္စည်းများ တန်ဖိုးငွေကျပ် ၈၈၅၉၄၉၉ ကို မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၅ -၂ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၈) တွင် နယ်ချဲ့အင်္ဂလိပ်ကို ရှုပ်ရှုပ်ချုံချုံတွန်းလှန်ခဲ့သော နာမည်သုံးမျိုးဖြင့် ကျော်ကြားခဲ့သည့် မြန်မာ့မျိုးချစ်သူရဲကောင်းအကြောင်း တင်ဆက်ထားသည့် **“သုံးမည်ရ မြန်မာ့မျိုးချစ် သူရဲကောင်း”** မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ဂိမ်းကစားသဖြင့် မှတ်ဉာဏ်နည်းသွားသည့် ကီးကီနှင့် ဂျိုးဂျိုးအကြောင်း တင်ဆက်ထားသည့် “ကီးကီ ဂျိုးဂျိုး” နှစ်မျက်နှာကာတွန်း၊ ဆရာမက ဗဟုသုတဆိုင်ရာ မေးခွန်းများမေးသည်ကို ရွှေဖဲက ဟာသလုပ်၍ပြန်ဖြေထားသည့်အကြောင်း တင်ဆက်ထားသော “ရွှေဖဲ” တစ်မျက်နှာကာတွန်း၊ ကလေးတွေဆီမှ မုန့်ကို အနိုင်ကျင့်ယူတတ်သော ရုပ်ဆိုးကို ပညာပေးလိုက်သည့်အကြောင်း တင်ဆက်ထားသည့် “ဖြိုးရဲ-အနိုင်မကျင့်ပါနဲ့” နှစ်မျက်နှာကာတွန်း၊ လူတို့၏ လောဘ၊ ဒေါသများသည် အန္တရာယ်ဖြစ်စေသည့်အတွက် ရွှေဝါချောင်းစောင့်နတ်က ရွှေများကို ဖျောက်ဖျက်လိုက်သည့်အကြောင်း တင်ဆက်ထားသည့် “လောဘ၏ သားကောင်များ” နှစ်မျက်နှာကာတွန်း၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေး၊ လောင်းကစားမလုပ်ဘဲ ပညာရေးကို အလေးထားပြီး ရိုးသားကြိုးစားသည့် မောင်လူလေးအကြောင်း ရေးဖွဲ့ထားသည့် “မောင်လူလေးသို့ပေးစာ” ကဗျာကဏ္ဍ၊ သူငယ်ချင်းကို စေတနာဖြင့် ဒူးရင်းသီး လက်ဆောင်ပေးသည်ကို ခွဲပြီးမပေးသည့်အတွက် အပြစ်တင်သည့်အကြောင်းကို တင်ဆက်ထားသည့် “ရန်ပိုင်စိုး” မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘတ်ဈေးကျဆင်းမှုကြောင့် မြဝတီကုန်သွယ်ရေးဇုန်၌ သွင်းကုန်များ ပိုမိုတင်သွင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

လယ်ယာထွက်ကုန် ပစ္စည်းများမှာ ကွမ်းရွက်၊ နှမ်း၊ ပီလောပီနံ၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ဆန်ကွဲ၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ မန်ကျည်းသီး၊ နနွင်း၊ ပြောင်း၊ မြေပဲနှင့် ရော်ဘာတို့ဖြစ်ပြီး ရေထွက်ကုန်ပစ္စည်းများမှာ ဂုံး၊ ခရု၊ ငါးတီး၊ ပုစွန်၊ ငါးရှဥ့်၊ ငါးခွေးလျှာ၊ ကဏန်း၊ ငါးခားလွယ်၊ အုန်းငါးမုတ်၊ ကျောက်ငါး၊ ငါးသလောက်၊ ကကူရံ၊ ငါးပါးနီ၊ တိရစ္ဆာန်အစာပြုလုပ်ရန် ငါးမှုန့်တို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများဆုံးပို့ကုန် ပစ္စည်းများအနေဖြင့် ပြောင်းစေ့၊ CMP၊ ပီလောပီနံ၊ ရေထွက်ပစ္စည်း၊ ဆန်ကွဲ၊ ရော်ဘာ၊ ထရန်စဖော်မာ၊ ကြက်သွန်နီ၊ ငရုတ်၊ ဆန်မှုန့်၊ စတီး (ပြွမ်းစင်)၊ မြေပဲ၊ ဂေါ်ဖီထုပ်၊ မန်ကျည်းသီး၊ ဖြတ်စ (အလူမီနီယံဘူးခွံ)၊ အပူချိန်တိုင်းကိရိယာ၊ ပီနံအိတ်၊ ကွမ်းရွက်၊ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်း၊ ငါးဖမ်းပိုက်နှင့် အခြားပစ္စည်းများ ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံ၌ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန်လိုအပ်ခြင်းကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

အများဆုံးပို့ကုန် ပစ္စည်းများဖြစ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။


မြဝတီကုန်သွယ်ရေးဇုန်။

သွင်းကုန်တင်သွင်းမှု အနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ Garment၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်ဆီ/ ချောဆီ၊ စက်ပစ္စည်းကိရိယာများ၊ ဆေး၊ ထုပ်ပိုးပစ္စည်း၊ သုတ်ဆေး၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အသုံးပြုပြီး စက်လှေကား၊ အားကစားပစ္စည်း၊ လယ်ထွန်စက်အပိုပစ္စည်းနှင့် ငါးဖမ်းပစ္စည်းကိရိယာများ တင်သွင်းလျက် ရှိသည်။

အများဆုံးသွင်းကုန် ပစ္စည်းများမှာ စားသောက်ကုန်၊ စက်ရုံသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ ယာဉ်/ယန္တရားအပိုပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ စာရေးကိရိယာ၊ လျှပ်စစ်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆေး၊ တိရစ္ဆာန်အရှင်၊ Garment၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ အဝတ်အထည်၊ ကားအပိုပစ္စည်း၊ သုတ်ဆေး၊ တိရစ္ဆာန်အစာ၊ စက်ဘီး၊ သစ်သီး၊ စက်နှင့်စက်ပစ္စည်း၊ LPG ၊ ငါးမျှားတံနှင့် အခြားကုန်ပစ္စည်းတို့ဖြစ်သည်။

ဇန်နဝါရီ ၅ ရက်မှစတင်၍ မြဝတီကုန်သွယ်မှုလမ်းကြောင်းများ ပုံမှန်ဖြစ်ပေါ်လာပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ယခုအခါ ပြောင်းဆန်များ တိုးမြှင့်တင်ပို့လာနိုင်ခြင်းနှင့် တရုတ်နှစ်သစ်ကူးနောက်ပိုင်း တစ်ဖက်နိုင်ငံမှလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လာခြင်းတို့ကြောင့် ဘတ်ဈေးများ တဖြည်းဖြည်း ကျဆင်းလျက်ရှိသည်။ ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၅ ဒသမ ၄၇ ကျပ်ထိရှိခဲ့ပြီး ယခုအပတ်တွင် ၈၄ ဒသမ ၀၃ ကျပ်ခန့်အထိရှိရာ ဘတ်ဈေးအနည်းငယ်ပြန်ကျလာသဖြင့် သွင်းကုန်များ ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရသည်။

**သီရိ**

**သတင်းရင်းမြစ် – commerce.gov.mm**

## စက်ရုံ၊ အလုပ်ရုံနှင့် အခြေခံဝန်ထမ်းများအတွက် အထူးနှုန်းဖြင့် ဆန်ရောင်းချပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**
စက်ရုံ၊ အလုပ်ရုံနှင့် အခြေခံဝန်ထမ်းများအတွက် ဆန်ကိုသက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

လတ်တလော ဆန်ဈေးမြင့်တက်မှုအခြေအနေကြောင့် အခြေခံအလုပ်သမား၊ ဝန်ထမ်းမိသားစုများ သက်သာစေရန် ရောင်းချပေးခြင်းဖြစ်ပြီး ရောင်းချရာတွင် ဧည့်မထ ၁၀ ရာခိုင်နှုန်းအဆင့် 10 kg (ငါးပြည်ခန့်)တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ ထို့အပြင် လှိုင်သာယာ၊ ရွှေပြည်သာ၊ စက်ရုံများသို့ မှာယူသည့်အိတ်ရေအနည်းအများပေါ် မူတည်၍ အရောက်ပို့ခြင်း (သို့မဟုတ်) သတ်မှတ်နေရာတွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

အခြားသော ဆန်အမျိုးအစားများကို ဝါးတန်းစပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်တို့တွင် ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးလျက်ရှိပြီး စက်ရုံ၊ အလုပ်ရုံ၊ အခြေခံဝန်ထမ်းမိသားစုများအတွက် သက်သာသော ဈေးနှုန်းဖြင့် ဆန်ရောင်းချပေးရာတွင် 10 kg ဆန်အိတ်ရေ ၂၁၆၆၀၀ ခန့် ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုရိုး**



## အိန္ဒိယ-မြန်မာအကြား စက်မှုနှင့်ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် စက်မှုကုန်ကြမ်းများဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**
အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ငွေရေးကြေးရေးအဖွဲ့အစည်း (North Eastern Development Finance Corporation Ltd –NEDFi) မှ ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦးသည် ဖေဖော်ဝါရီ ၂၂ ရက်က ကုန်သည်စက်မှုအသင်းချုပ် တာဝန်ရှိသူများနှင့် လာရောက်တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအကြား ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးအခြေအနေများ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ အကောက်ခွန်နှင့် အိန္ဒိယနယ်စပ်တစ်လျှောက် အလားအလာရှိသော စက်မှုကုန်ကြမ်းများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ အသင်းချုပ်ဘက်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

NEDFi သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် စက်မှုအခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးဆိုင်ရာ Project များ ထူထောင်ရာတွင် ငွေကြေးအကူအညီထောက်ပံ့ပေးလျက်ရှိပြီး ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတွက်ပါ အတိုင်ပင်ခံနှင့် အကြံပေးအဖြစ် လုပ်ဆောင်ပေးလျက်ရှိသော ပုဂ္ဂလိက ငွေရေး ကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)မှ သိရသည်။

**ကိုရိုး**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ဈေးကွက်၌ ကြက်သွန်နီ၊ သကြား၊ စားအုန်းဆီ၊ ငရုတ်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ပြီး ဆန်ဈေးအနည်းငယ်ကျဆင်းလျက်ရှိသည်။**

### ဆန်

ဆန်ကြမ်းတစ်အိတ် ကျပ် ၂၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းလာသည်ကို မြင်တွေ့ရသည်။ ပေါ်ဆန်း ဆန်သစ်ဈေးများလည်း အတက်ရပ်သွားသည်။ သီးထပ်ဆန်ကြမ်း အသစ်တစ်အိတ်ဈေးမှာ ကျပ် ၅၇၀၀၀ မှ ဖေဖော်ဝါရီ ၂၂ရက်တွင် ကျပ် ၅၅၀၀၀ နှုန်း၊ ရက်၉၀ဆန်ကြမ်းအသစ် တစ်အိတ် ကျပ် ၆၀၀၀၀ မှ ၅၈၀၀၀ နှုန်းသို့ ဈေးကျလာသည်။ ပေါ်ဆန်းဆန်အသစ် ဈေးနှုန်းများမှာ ဘိုကလေးနယ်ထွက် ကျပ် ၇၁၀၀၀၊ ဖျာပုံနယ်ထွက် ကျပ် ၇၃၀၀၀၊ မြောင်းမြနယ်ထွက် ကျပ် ၇၆၀၀၀၊ ရွှေဘိုနယ်ထွက် ကျပ် ၈၇၀၀၀ နှုန်းရှိနေသည်။

### စားအုန်းဆီ

ဖေဖော်ဝါရီ ၂၀ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင် အခြေခံလက်ကားရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာ ဈေးနှုန်းသည် ကျပ် ၄၄၇၀ သာဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာ ကျပ်၂၀ ခန့် ဈေးကျလာသည်။ သို့သော် ဖေဖော်ဝါရီ ၂၂ ရက် ရန်ကုန်ဆီဈေးကွက်တွင် လက်ငင်းအလှယ် လက်ကားပီပါဈေး တစ်ပိဿာ ကျပ်၇၁၀၀ နှုန်း သို့ ထပ်မံဈေးမြင့်လာသည်။

### ပဲအမျိုးမျိုး

ဖေဖော်ဝါရီ ၂၂ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၁၈၆၃၅၀၀၀၊ (SQ/RC) ၂၀၉၂၅၀၀၀ကျပ်၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ်၂၀၉၀၀၀၀၊ ပဲတီစိမ်း ပခုက္ကူတစ်ပိဿာ ကျပ် ၂၄၁၅–၂၅၀၀၊ ခရမ်းရွှေဝါ(ထိပ်စ) တစ်ပိဿာ ကျပ် ၃၉၁၅၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၁၀၀–၄၄၀၀ နှုန်းရှိသည်။

### ကြက်သွန်နီ

ဖေဖော်ဝါရီ ၂၂ ရက်တွင် ဘုရင့်နောင်သို့ နယ်စုံမှ ကြက်သွန်နီ ပိဿာချိန် တစ်သိန်းခွဲ ဝင်ရောက်လာခဲ့ပြီး ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။ လက်ကားဈေး တစ်ပိဿာဈေးနှုန်းမှာ ဆိပ်ဖြူ ကျပ် ၁၂၀၀ မှ ၁၃၅၀၊ မြင်းခြံ ကျပ် ၁၂၅၀ မှ ၁၄၀၀၊ မြစ်သား ကျပ် ၁၄၅၀မှ ၁၆၀၀ အကြားတွင် မြင်တွေ့ရသည်။ ဖေဖော်ဝါရီ ၂၂ ရက်က ပခုက္ကူနယ်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၁၅၇၆၈ ပိဿာ ဝင်ရောက်ပြီး အမြင့်ဆုံးနှုန်းမှာ ယောစ တစ်ပိဿာ ကျပ် ၁၁၀၀၊ စလေနယ်စ ကျပ် ၁၀၅၀ နှုန်းရှိသည်။ မန္တလေးဈေးကွက်၌ တစ်ပိဿာ ကျပ် ၁၄၅၀ နှုန်းရှိသည်။

### ကြက်သွန်ဖြူ/အာလူး/ငရုတ်

ဖေဖော်ဝါရီ ၂၂ ရက် ရန်ကုန်ဈေးကွက်တွင် ရှမ်းအောင်ပန်း ကြက်သွန်ဖြူအသစ် လက်ကားတစ်ပိဿာ ထူး(၃) ကျပ် ၄၅၅၀၊ ထူး(၄) ကျပ် ၄၇၅၀၊ ထူး(၅) ၄၉၅၀ကျပ်၊ ကြူကုတ်တစ်ပိဿာ ကျပ် ၃၅၅၀ နှုန်းရှိသည်။ ဆင်ဖြူကျွန်းအာလူးမှာ လက်ကားဈေး တစ်ပိဿာ ကျပ် ၁၂၀၀–၁၄၀၀–၁၆၀၀–၁၇၀၀ နှုန်း၊ ဗန်းမော် အာလူး ကျပ် ၁၉၅၀ နှုန်းနှင့် တရုတ်အာလူး ကျပ် ၂၁၀၀ နှုန်းရှိသည်။ ပြီးခဲ့သည့်အပတ်က တစ်ပိဿာ ကျပ် ၉၅၀၀ အမြင့်ဆုံးရှိခဲ့သည့် ပန်းရဲနှင့်မြွားနီ ငရုတ်ရှည်အသစ်မှာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျပ် ၁၀၀၀၀ နှုန်းသို့ ဈေးမြင့်လာခဲ့သည်။ ရေလဲ(မအူပင်) မိုးထောင် တစ်ပိဿာ ကျပ် ၁၀၅၀၀၊ ပျော်ဘွယ် မိုးထောင် ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ကျပ် ၁၅၅၀၀ နှုန်း ရှိလာသည်။

**အောင်ခင်နိုင်**

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**
မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပရန်ရှိကြောင်း သိရသည်။

ကိုဗစ်အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး အပါအဝင် အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစည်းအဝေးအတွင်း အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ပြီး အသင်းသား အသင်းသူများ ပါဝင်တက်ရောက်နိုင်မည်ဖြစ်သည်။

**သီရိ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၀၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၂၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၀၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၂၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၃၄ | ၂၁၀၉ |
| HSD (500 ppm) | ၂၀၁၉ | ၂၀၈၉ |
| HSD (50 ppm) | ၂၀၉၃ | ၂၁၆၄ |
| HSD (10 ppm) | ၂၀၉၃ | ၂၁၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၂ - ၂၀၂၃

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၄၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၄၈၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၂၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၂၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၃ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၅၅၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၄၀၀ | ၇၀ | ၅၈၈၄၀၀ |
| MTSH | ၃၁၅၀ | ၃၀၀၀ | ၅၆၉၄ | ၁၇၃၅၁၄၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၀ | ၇၆၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၆၀၄ | ၁၀၂၇၅၀၀ |
| TMH | ၂၂၅၀ | ၂၆၀၀ | ၈၀၃ | ၂၀၇၀၄၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၈၀ | ၃၉၂၀၀၀ |


ညီညီ - စုစည်းသည်


# မြန်မာပြည်တိုက်ပွဲစဉ်များ စာအုပ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စာရေးသူ ကိုမြင့်(အင်းတော်)၏ မြန်မာပြည်တိုက်ပွဲစဉ်များစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တစ်လျှောက် ဖြစ်ပွားခဲ့သည့် အရေးကြီးဆုံး တိုက်ပွဲများအကြောင်းကို မြန်မာပြည်တိုက်ပွဲစဉ်များစာအုပ်၌ အပိုင်းသုံးပိုင်းဖြင့် ခွဲခြားတင်ပြထားသည်။ မြန်မာပြည်တိုက်ပွဲစဉ်အပိုင်း(၁)တွင်မူ ဗြိတိသျှမြန်မာပြည် တပ်မတော်၊ ဂျပန်တို့မြန်မာပြည်ကို အောင်နိုင်ခြင်း၊ စစ်တောင်းတံတားတိုက်ပွဲ၊ ရေနံချောင်းတိုက်ပွဲ၊ မဟာမိတ်တပ်မှူးကြီးများ အပိုင်း(၁)၊ ထိုင်းတပ်များ ကရင်နီနှင့် ရှမ်းပြည်နယ်ကိုသိမ်းပိုက်ခြင်း၊ တရုတ်၊ မြန်မာ၊ အိန္ဒိယစစ်နယ်ဝန်း၊ ဂျပန်တို့၏ မြန်မာပြည်အုပ်ချုပ်ရေးစသည့် ခေါင်းစဉ်များဖြင့် ခွဲခြားတင်ပြထားသည်။ မြန်မာပြည်တိုက်ပွဲစဉ်အပိုင်း(၂)တွင် မဟာမိတ်တို့၏ စီမံချက်များ၊ မြောက်ပိုင်းနှင့် ယူနန်စစ်မျက်နှာ၊ မြန်မာပြည်ထောက်လှမ်းရေးတပ်ဖွဲ့၊ အောင်နိုင်ရေးတပ်ဖွဲ့(V Force)၊ သေမင်းတမန်ရထားလမ်း၊ ဂျပန်တပ်မ(၁၈) ရှုံးနိမ့်ခြင်း၊ မိုးကောင်းတိုက်ပွဲ၊ လီဒိုလမ်း၊ မြစ်ကြီးနားတိုက်ပွဲ၊ အလယ်ပိုင်းစစ်မျက်နှာ၊ ကိုဟီးမားတိုက်ပွဲ၊ အင်ဖားတိုက်ပွဲ၊ ဂျပန်တပ်တော်(၁၅)ခွာ စစ်အကြောင်းအရာများကို တင်ပြထားသည်။ မြန်မာပြည်တိုက်ပွဲစဉ်များ အပိုင်း(၃)တွင် ဂျပန်လေတပ်ဖွဲ့အခြေအနေ၊ ဂျပန်တို့၏ စီမံချက်များ၊ ၁၉၄၄ ခုနှစ် မြန်မာပြည်အခြေအနေ၊ ဂုဏ်ထူးဆောင် ဗိုလ်ချုပ်ကြီး ဒေါက်တာဘမော် အပါအဝင် အရေးကြီးတိုက်ပွဲစဉ်များဖြစ်သည့် ဗန်းမော်ကို တိုက်ခိုက်ခြင်း၊ ရခိုင်ဒေသ ကမ်းတက်စစ်ဆင်ရေးများ၊ ကန့်ကော်တိုက်ပွဲ၊ ရမ်းဗြဲကျွန်း တိုက်ပွဲ၊ မိတ္ထီလာတိုက်ပွဲ၊ ရေနံချောင်းနှင့် မြင်းခြံတိုက်ပွဲများ၊ မန္တလေးတိုက်ပွဲနှင့် နောက်ဆုံးစစ်ဆင်ရေးများအကြောင်းကို စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်သည်။




၁၉၄၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မိတ္ထီလာတိုက်ပွဲသည် မြန်မာ့ရာဇဝင်တစ်လျှောက် အဓိကကျသည့် တစ်ခုတည်းသော တင့်ကားတိုက်ပွဲကြီး ဖြစ်ခဲ့သည်။ ဂျပန်တို့ဘက်မှ အပြင်းအထန် ခံစစ်ဆင်ခဲ့သော်လည်း တပ်ဆုတ်ခဲ့ရသည်။ ထိုစဉ် မဟာမိတ်တပ်များသည် မန္တလေးမြို့ကိုလည်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၉ ရက်တွင် ဂေါ်ရခါးစစ်သားများက မန္တလေးတောင်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ဆယ်ရက်တာအတွင်း ဗြိတိသျှလေတပ်နှင့် အမေရိကန်လေတပ်တို့ အပြင်းအထန် တိုက်ခိုက်ခဲ့ခြင်းနှင့် ဂျပန်တို့ လက်နက်ချသွားခဲ့သည့်ဖြစ်စဉ်များကို စိတ်ဝင်စားဖွယ် တင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို အမှတ်(၁၇၀/မြေညီ) ၃၇ လမ်း ကျောက်တံတားမြို့နယ် ဆန်းဆင့်မင်းစာပေတိုက်သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ကျောက်တန်းမြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်များ ထုတ်ပေးလျက်ရှိ

**ကျောက်တန်း ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၃ ခုနှစ် မတ် ၈ ရက်မှ ၁၈ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ယမန်နေ့ကစတင်၍ အထက(၁) ကျောင်းအုပ်ကြီးရုံးခန်း၌ ထုတ်ပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောက်တန်းမြို့နယ်ရှိ ပြင်ပဖြေဆိုသူ ၄၅၁ ဦး၊ ကျောင်းတွင်းဖြေဆိုသူ ၅၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၀၂ ဦးတို့က တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည့်အတွက် ဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၈ ရက်အထိ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**


အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နေ သဲစုလှိုင်သည် ၎င်းအသုံးပြုသည့် “Thae Su Hlaing” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကျိုက်ထိုမြို့နယ် တဂေးချောင်းဖျားကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

